
စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# ကမ္ဘာကျော် ခရစ္စမတ် ဝတ္ထုတိုများ




ဒုတိယအကြိမ်

mgyoe

ခရစ္စမတ်ပွဲတော်ကို
စည်ကားစွာ ကျင်းပပြုလုပ်လေ့ရှိကြရာ
ကမ္ဘာနှင့်အဝှမ်းနိုင်ငံများ
(ဂျာမနီ၊ ဘူဂေးရီးယား၊ ဆွီဒင်၊ ရုရှ၊ ပြင်သစ်၊
အမေရိကန်၊ ဟန်ဂေရီ၊ ဩစတြေးလျ၊
အင်္ဂလန်၊ ဒိန်းမတ်နှင့်အီတလီ) တို့မှ
ကမ္ဘာကျော်စာရေးဆရာကြီးများ၊
နိဘယ်ဆုရစာရေးဆရာကြီးများ ရေးသားခဲ့သော
ခရစ္စမတ်နောက်ခံဝတ္ထုတိုလက်ရာများကို
ပြန်ဆိုစုစည်းထားသည့်
စိတ်ဝင်စားဖွယ်စာအုပ်တစ်အုပ်အား
ပြန်လည်ရိုက်နှိပ်တင်ဆက်ခြင်း။

# ကမ္ဘာကျော်
# ခရစ္စမတ် ဝတ္ထုတိုများ



KLS0078
2,500.00 KS

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကုန်။
အပြင်အဆင် - အမ်အက်စ်အို
၂၀၁၄၊ နိုဝင်ဘာလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၂၅၀၀ ကျပ်

ကမ္ဘာကျော်ခရစ္စမတ်ဝတ္ထုတိုများ
တက္ကသိုလ်တင်ထွန်းအောင်နှင့်အခြား - ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၄။
စာမျက်နှာ ၁၆၃ မျက်နှာ၊ ၁၃ စင်တီ× ၂၀.၅ စင်တီ
(၁) ကမ္ဘာကျော်ခရစ္စမတ်ဝတ္ထုတိုများ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာကျော်ခရစ္စမတ်ဝတ္ထုတိုများ

တက္ကသိုလ်တင်ထွန်းအောင်
မိန့်(တက္ကသိုလ်)
ဝင်းထိုက်(တက္ကသိုလ်)
တက္ကသိုလ်တင့်လွင်ဦး
(မြန်မာပြန်)

ဒုတိယအကြိမ်

mgyoe.com

mgyoe.com

ကမ္ဘာကျော်ခရစ္စမတ်ဝတ္ထုတိုများ ဟူသော
စာအုပ်တစ်အုပ်ဖတ်ရှုရရာ ကမ္ဘာကျော်စာရေးဆရာကြီးများ၊
နိုဘယ်စာပေဆုရစာရေးဆရာကြီးများ၏
လက်ရာမွန်ဝတ္ထုတိုများ ဖြစ်သည့်အပြင်
ယခုကဲ့သို့ ခေါင်းစဉ်တစ်ခုတည်းအောက်တွင်
စုစည်းနိုင်ရန်မလွယ်ကူသော
ရှားပါးစာအုပ်ကလေးဖြစ်နေသဖြင့်
ပြန်လည်စီစဉ်လိုက်ပါသည်။
မြန်မာပြန်သူ စာပေလက်ရာရှင်များမှာ
နှစ် ၅၀ နီးပါးကြာမြင့်ခဲ့ပြီး ဆက်သွယ်ရန်မလွယ်ကူပါ၍
သက်ဆိုင်ရာမိသားစုများအနေဖြင့်
စာအုပ်တိုက်သို့ စာမူခအတွက် ဆက်သွယ်ပေးပါရန်
ကြိုတင်ကျေးဇူးတင်ကာ မေတ္တာရပ်ခံအပ်ပါသည်။

mgyoe.com

mgyoe.com

# မာတိကာ

ဂျာမနီ

၁။ တစ်ခုသောခရစ္စမတ်ပါတီဝယ် ၁

ဂါဟတ်ပောဟ့မင်း (နိုဘယ်လ်ဆုရ ၁၉၁၂ ခု)

ဘူဂေးရီးယား

၂။ နယ်ပိုင်ဝန်ထောက်မင်း၏ခရစ္စမတ် ၆

(ဒီမစ်တာအိုင့်ဗင်နော့)

ဆွီဒင်

၃။ ခရစ္စမတ်နှင်းဆီ ၂၁

ဆဲလ်မာလာဂါလော့ (နိုဘယ်လ်ဆုရ ၁၉၀၉ ခု)

ရုရှား

၄။ ခရစ္စမတ်ည၏ပုံတစ်သွယ် ၄၂

ဒေါ်တော်ယက်စကီး

ပြင်သစ်

၅။ ကော့ဆက် ၅၄

ဗစ်တာဟူးရိုး

mgyoe.com

mgyoe.com


အမေရိကန်

၆။ သူတို့လက်ဆောင် ၅၉
အိုဟင်နရီ

၇။ ခရစ္စမတ်အကြိုညတစ်ည... ၇၃
မိုပါဆွန်း

ဟန်ဂေရီ

၈။ ရွေးရခက်တယ် ၈၂
မောရပ်စ်ဂျိုကေ

ဩစတြေးလျ

၉။ လက်သမားကြီး၏ခရစ္စမတ်... ၉၄
ပီတာကေရီဆက်ဂျာ

အင်္ဂလန်

၁၀။ ဟပ်ချိုးဘုရား သူခိုးများ... ၁၀၈
သောမတ် ဟာဒီ

၁၁။ ချစ်စွာသောဘိုးဘိုးသို့ ၁၂၄
ချက်ကော့

ဒိန်းမတ်

၁၂။ သစ်ပင်အို၏နောက်ဆုံးအိပ်မက်... ၁၃၆
အင်ဒါဆင်

အီတလီ

၁၃။ ဘုရားပေးသောရွှေလက်ဝါးကပ်တိုင်... ၁၅၀
ဂရာဇီယာဒလက်ဒါး (နိုဘယ်လ်ဆုရ ၁၉၂၆ ခု)


mgyoe.com

mgyoe.com

## ချစ်စွာသော စာရှုသူ

ဤကမ္ဘာကျော် ခရစ္စမတ်ဝတ္ထုတိုများကို ကျွန်တော်တို့ ပြန်ဆိုရခြင်းအကြောင်းကို အနည်းငယ် တင်ပြလိုပါသည်။

ယမန်နှစ် တစ်မိုးလုံး ပျပျဆိုင်းကာ နှင်းသင်တိုင်းတို့ ညို့မှိုင်းဝေဆင်းနေသောလှပသည့် ဆောင်းဦးပေါက် တစ်နေ့တွင် ကျွန်တော်တို့နေထိုင်ရာ တောင်ငူမြို့ဆီသို့ သူငယ်ချင်းဖြစ်သူတက္ကသိုလ်တင့်လွင်ဦးသည် သူ၏ စိတ္တဇ နွေဝတ္ထုကြီးအတွက် ဒေသန္တရ ရှုကွင်း ရှုကွက်များ ရှာဖွေရန် ရောက်လာသည်။

သူရောက်လာသည့်အချိန်မှ တိုက်တိုက်ဆိုင်ဆိုင် ခရစ္စမတ်အကြိုညဖြစ်သည်။ ထိုညမှာ ကျွန်တော်တို့ သူငယ်ချင်းတွေအားလုံး ဒယ်စုရပ်မာလာဂေဟာတွင် ဆုံကြသည်။

သူငယ်ချင်း စောခင်မောင်ဦး၏ ဧည့်ခံပွဲသည် ကျွန်တော်တို့အတွက် အချိုမြိန်ဆုံးနှင့် ဆွတ်ပျံ့ဖွယ် အကောင်းဆုံးဟု ဆိုနိုင်ပါသည်။

ဓမ္မတေးသံကို နာခံရင်း ကျွန်တော်တို့ သိမှတ်ခံစားရသမျှတွေကို ဆွေးနွေးတိုင်ပင်ကြသည်။

ဤသို့ဖြင့် ကျောင်းတုန်းက နေထိုင်ခဲ့ကြရသည့် အဖြစ်ကလေးများကို ပြန်လည်ပြောဆိုတသ မိကြရာမှ စာပေ၊ ဂီတ၊အဘိဓမ္မာနယ်ပယ်သို့ ကျွန်တော်တို့ရောက်သွားကြသည်။

ကမ္ဘာကျော် စာရေးဆရာကြီးများ၏ အတ္ထုပ္ပတ္တိများကိုလည်း ဖွင့်ဆိုမိကြသည်။ နောက်ဆုံးလှပသော ခရစ္စမတ်ညနှင့် ဆီလျော်စွာ လူသားတို့

mgyoe.com

mgyoe.com



အပေါ် ခွင့်လွှတ်ခြင်းကြီးမားစွာနှင့် မေတ္တာထားကာ အသက်ပေးသွားရှာသော သခင်ခရစ်တော်၏ ဂုဏ်တော်ပုဒ်ကို တသပြောဆိုခဲ့ကြသည်။

တက္ကသိုလ်တင့်လွင်ဦးကဲ သူဖတ်ဖူးသော ခရစ္စမတ်နှင့် ပတ်သတ်သည့် ဝတ္ထုတိုကလေးများကို ပြန်လည်ဖောက်သည်ချပေးလိုက်ရာ ကျွန်တော်တို့မှာ အထူးတက်ကြွပြီး စိတ်အဝင်စားကြီးဝင်စားမိကြရသည်။

ဤသည်မှအစပြု၍ ကျွန်တော်တို့သည် ယင်းခရစ္စမတ်ဝတ္ထုတိုများကို စုပေါင်း၍ ဘာသာပြန်ကြရန် သဘောတူကြသည်။ မူရင်းစာမူရှာဖွေရေးတာဝန်ကို တင့်လွင်ဦးပင်ယူသွား၏။

သည်နှစ် နိုဝင်ဘာဆောင်း၏ အစတွင် 'လွမ်းရိပ်ဆည်းဆာညှိုးတော့သည်' ဝတ္ထုကြီးအတွက် တင့်လွင်ဦးရောက်လာပြန်သည်။

သည်တခါ သူရောက်လာရခြင်းမှာ ခရစ္စမတ်အချိန်မဟုတ်သော်လည်း သူ့၌ပါလာသည်ကတော့ ခရစ္စမတ်ဝတ္ထုတိုများ ဖြစ်နေသည်။

'ကဲ သူငယ်ချင်းတို့ မနှစ်က ကတိအတိုင်း ကိုယ်တော့ရှာဖွေသူလာခဲ့ပြီ ၃၊ ၄ပုဒ်လည်း ပြန်လာခဲ့ပြီ မောင်ရင်တို့ပဲ ကျန်တော့တယ်'

သူက ဤသို့ဆိုရင်း မူရင်းစာအုပ်မှ ဝတ္ထုတိုလေးများကို ဆုတ်ဖြဲ၍ တစ်ဦးချင်းပေးသည်။ သူပေးသည်မှာ အလုပ်ခွဲဝေခြင်းလည်း မည်သည်၊ ဘာသာပြန်ခိုင်းခြင်းလည်း မည်သည်။

'ဖြစ်ပါ့မလား ကိုယ့်လူရာ မူရင်းစာရေးဆရာတွေရဲ့ အာဘော်တွေနဲ့ လွဲချော်နေရင် အများကဲ့ရဲ့မှာထက် အားနာဖို့ကောင်းလှတယ်'

ကျွန်တော်က ပြန်မေးမိသည်။

'အို ကိစ္စမရှိဘူး။ မောင်ရင်တို့ အရည်အချင်းကို ယုံတယ်'

သည်လိုနှင့် ကျွန်တော်တို့တစ်တွေစု၍လည်းကောင်း ခွဲ၍လည်းကောင်း၊ တိုင်ပင်၍လည်းကောင်း၊ ဆွေးနွေး၍လည်းကောင်း ကြိုးပမ်းလိုက်ကြရာ ယခုဆိုလျှင် ချစ်စွာသော စာရှုသူလက်သို့ ရောက်ခဲ့ပေပြီ၊ အကောင်းအဆိုးနှင့် အကြောင်းအကျိုးကို ဝေဖန်ကြပါကုန်။

မေတ္တာများစွာဖြင့်
တက္ကသိုလ်တင်ထွန်းအောင်
၆-၁၂-၆၈

mgyoe.com

mgyoe.com

GERMANY
Gerhart Hauptmann
(Nobel Prize 1912)
A CHRISTMAS PARTY

# တစ်ခုသော ခရစ္စမတ်ပါတီဝယ်

မိန်(တက္ကသိုလ်)

ခရစ္စမတ်ပွဲတော်နေ့သည် တဖြည်းဖြည်း နီးကပ်လာချေပြီ ...

ကက်ဆီနိုမြို့ရှိ နိုင်ငံလုံးဆိုင်ရာတ အမျိုးသမီးအသင်းမှ အခမ်းအနား တစ်ရပ်ကျင်းပ၍ ဆုများချီးမြှင့်ရန် အစီအစဉ်များ ပြုလုပ်လျက်ရှိလေသည်။ အသင်းဥက္ကဋ္ဌဖြစ်သူ မစ္စစ်အင်စီနှင့်ဒက်ကွန်ဆက်နာပါ အပါအဝင် ကျွန်ုပ်၏ ဖခင်ပါ၊ ၎င်းအခမ်းအနား အစီအစဉ်အတွက် အသေးစိတ်ဆွေးနွေး တိုင်ပင်ကြ၏။

ကပွဲခန်းမဆောင်၌ မြင့်မားသော ခရစ္စမတ်သစ်ပင်ကြီးနှစ်ပင် စိုက်ထူထားသည်ကို တွေ့ရလေသည်။ ခန်းမဆောင်မျက်နှာကြက်နှင့် နီးကပ်စွာ ချိတ်ဆွဲထွန်းညှိထားသော ဖယောင်းတိုင်မီးအိမ်ခွက်များကြောင့် ခန်းမဆောင်၏ မျက်နှာကြက်မှာ မီးခိုးမိုင်းများဖြင့် မည်းနက်၍ နေ၏။

မြင်းခွာပုံသဏ္ဍာန်ရှိသော ကျောက်စားပွဲကြီးပေါ်တွင်ဆုလက်ဆောင်ကလေးများကို သေသပ်စွာသော အထုပ်ငယ်ကလေးများနှင့် ထုပ်ထားသည်ကို ထင်ရှားစွာ တွေ့မြင်နေရ၏။

အခမ်းအနားနေ့တွင် သက်ကြားအို အဘိုးကြီးများသည်လည်းကောင်း အိုမင်းနွမ်းနယ်နေသည့် အဘွားအိုများသည်လည်းကောင်း ထိုကျောက်စားပွဲကြီးရှေ့တွင် အသီးသီးရပ်နေကြ၏။

mgyoe.com

mgyoe.com


ခရစ္စမတ်သစ်ပင်များတွင် ထွန်းညှိထားသောမီးအလျှံကြောင့် သူတို့၏ မျက်နှာများပေါ်တွင် ရက်သွေးများဖြာနေသည်ကို ထင်ထင်ရှားရှား တွေ့မြင်နိုင်လေသည်။ ဓမ္မတေးသီချင်းများဝိုင်း၍ သီဆိုနေကြသည့်အချိန်၌ပင် သူတို့၏နှုတ်ခမ်းများမှာ ရဲတင်းမှုမရှိဘဲ၊ လှုပ်ရုံသာ လှုပ်နိုင်ကြလေသည်။

ထိန်လင်းစွာ ထွန်းညှိထားသော မီးရောင်အောက်ဝယ် သူတို့အသီးသီး၏ ဆင်းရဲနွမ်းပါးပုံမှာ ထင်ရှားစွာ ပေါ်လွင်နေသည်ကို သူတို့ကိုယ်တိုင် ရိပ်စားမိကြကာ ရှက်စိတ်ဝင်နေလျက်ရှိကြသည်။

ကျွန်ုပ်၏ဖခင်၊ မိခင်နှင့် ကျွန်ုပ်တို့မှာ ဤဆုပေး အခမ်းအနားကို ကြည့်ရှုနေရသည်အား စိတ်မချမ်းမြေ့နိုင်အောင် ဖြစ်နေရသည်။ အဘွားအို ကြီးတစ်ဦးဖြစ်သူ မင်ဇယ်မှာ တုန်တုန်ရီရီဖြင့် ကျွန်ုပ်တို့နှင့် အတူစောင့် ကြည့်နေရှာ၏။

ဒက်ကွန်ဆက်နာသည် တရားဟော ဆရာတစ်ဦးဖြစ်ပြီး ယခုကဲ့သို့ သော အခမ်းအနားမျိုးတွင် အကွက်ကောင်း ယူလျက်ရှိလေသည်။

သူသည်မိမိကိုယ်ကို မိမိတရားဟော ကောင်းသူတစ်ယောက်ဟု ယူထားပြီး ဤကဲ့သို့အခမ်းအနားမျိုးတွင် မိမိ၏အစွမ်းအစကို ပြသောသဘော ဖြင့် ရှည်လျားလှသော မိန့်ခွန်းရှည်ကြီးကို ဟောကြားလျက်ရှိလေသည်။

ထို့ကြောင့် ဆုချီးမြှင့်ခြင်းခံကြရန် အသင့်စောင့်ဆိုင်းနေကြရသော ဆင်းရဲနွမ်းပါးကြသူလုပ်သားပြည်သူ အသီးသီးမှာ မိမိတို့ရယူလိုသော ဆုအသီးသီးကို မရရှိနိုင်သေးဘဲ ပစ္စည်းအထုပ်များကိုသာ လောလောဆယ် အားဖြင့် မျက်စိအာရုံပြုကာ ကျေနပ်နှစ်သိမ့်လျက်ရှိနေရလေသည်။

ဒက်ကွန်ဆက်နာ၏ တရားမိန့်ခွန်းရှည်ကြီးမှာ လိုအပ်သည်ထက် နှစ်ပြန်ခန့်ရှည်လျားပြီးမှ ဆုံးခန်းတိုင် သွားလေသောကြောင့် အများမျှော် လင့်စောင့်စားနေသည့် ဆုချီးမြှင့်ရန်အစီအစဉ်မှာ အချိန်ကျရောက်လာပါ တော့သည်။

မဒမ်အက်သည် ထိုင်နေရာမှ ထလိုက်၏။ သူ၏အမူအရာနှင့် လှုပ် ရှားမှုများမှာ ဆင်းရဲနွမ်းပါးသူများ၏ ဘက်တော်သားတည်းဖြစ်သူ အရှင် မာရီသရီဇာနှင့် တစ်သားတစ်ထပ်တည်း တူညီနေပေသည်။ သူ၏ ကြီးမား သော ရင်အုံပေါ်၌ ထိုအချိန်က ခေတ်စားလျက်ရှိသော ဘုရင်မလွှဲစ်၏

mgyoe.com

mgyee.com

တံဆိပ်တော်မှာလည်း ထင်ရှားစွာ ပေါ်လွင်နေလေသည်။

သူ၏ထင်ရှားစွာ ပေါ်လွင်လျက်ရှိသော ဦးခေါင်းသည်လည်းကောင်း၊ နှာတံ သေးသေးလုံးလုံးကလေးသည်လည်းကောင်း၊ အစဉ်တောက်ပလျက်ရှိသော မျက်လုံးနက်နက်များသည်လည်းကောင်း၊ ဂျာမန်တစ်ဦးမဟုတ်နိုင်ဘဲ ဆလာဗစ်သူတစ်ဦး ဖြစ်ကြောင်းသိလာနိုင်လေသည်။

ယခုလို ပွဲလမ်းသဘင် အခါသမယများတွင် အမျိုးသမီးများ ဝတ်စားဆင်ယင်လေ့ရှိကြသကဲ့သို့ မဒမ်းအိုက်သည်လည်း ဟင်ဒီမန်မိသားစု၏ အတွင်းပစ္စည်းများမှ အလှပဆုံးသော ရွှေထည်၊ စိန်ထည်များကို ဝတ်ဆင်လာခဲ့လေသည်။

ထို့ကြောင့် အဖိုးတန် နားကပ်များ၊ လည်ဆွဲတန်ဆာများနှင့် လွိုစ်ဘုရင်မ၏ ရင်ထိုးတံဆိပ်များကို သူ၏ကိုယ်ပေါ်တွင် ထင်ရှားစွာ တွေ့မြင်နိုင်လေသည်။

လွိုစ်ဘုရင်မ၏ ရင်ထိုးတံဆိပ်ကိုကား အခြားသူများ၏ မနာလိုဝန်တိုမှုကို သူသည်အထူးဂုဏ်ယူလျက် ဝတ်ဆင်လာခြင်းဖြစ်သည်။

သို့သော် ပုခက်တော်အတွင်းမှ သူငယ်တော် ယေရှုသည်သော်လည်းကောင်း၊ မယ်တော်မေရီယာနှင့် ဖခင်ဂျိုးဇက်တို့သည်သော်လည်းကောင်း၊ လွိုစ်ဘုရင်မ၏ ရင်ထိုးတံဆိပ် တပ်ဆင်ခွင့်ရှိသူနှုတ်ဖျားမှ ဤသို့သော စကားများကို ဤမည်သောလေသံမျိုးဖြင့် ပြောကြားနေခြင်းအား ကြားသိကြပါလျှင် အဘယ်သို့ ရှိပါအံ့နည်း။

အမှန်ကို ဆိုရသော် ကုသိုလ်ကောင်းမှုပြုသော ဒါနရှင်အမျိုးသမီးကြီး ဖြစ်သူတစ်ဦးက ပြောကြားနေသော စကားလုံးများမှာ သူ၏အပေါ်နှုတ်ခမ်းပေါ်တွင် အစီအရီပေါက်နေသော နှုတ်ခမ်းမွေးညှင်းများနှင့် မဆီလျော်လှသကဲ့သို့ရှိနေသည်။

'ယခုလို အခမ်းအနားမျိုးမှာရှိတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းများ ဖြစ်တယ်ဆိုတာ အားလုံးသိရှိပြီး ဖြစ်ကြပါလိမ့်မယ်၊ နောက်ပြီး ရှင်တို့တစ်တွေဟာ ဒီပစ္စည်းတွေရဲ့တန်ဖိုးကို လေးလေးနက်နက် သိရှိထားပြီး ဖြစ်လိမ့်မယ်လို့လည်း ကျွန်မမျှော်လင့်ထားပါတယ်။

အကယ်ဆိုရင် ရှင်တို့အနေနဲ့ ကုသိုလ်ရှင်တွေကို ကျေးဇူးတင်ပါ

mgyee.com

mgyoe.com


တယ်လို့ ပြောရုံကလေးနဲ့ မပြီးနိုင်သေးဘူးလို့ ကျွန်မ ထင်မြင်ပါတယ်၊ သူတို့တစ်တွေရဲ့ ကျေးဇူးဟာရှင်တို့အပေါ်မှာ ကြီးမားလှပါပေတယ်'

မဒမ်းအိုက်နှင့် ပြိုင်ဆိုင်၍ ငြင်းဆိုရန် မလွယ်ကူချေ။ သူသည် သူ ပြောလိုသော စကားများကို အကြွင်းမဲ့မှန်ကန်သောသစ္စာဟု ယုံကြည်ထားပြီး ဖြစ်သောကြောင့် ဖြစ်လေသည်။

မစ္စအိုက်၏ မိန့်ခွန်းများမှာ တစ်ခါတစ်ခါတွင် အမိန့်ပေးနေသကဲ့သို့ ခက်ထန်မာကျောသွားတတ်လေသည်။

ယခုကဲ့သို့သော ဆုပေးအခမ်းအနားမျိုးဖြင့် မလိုလားအပ်သော လူမှုရေးဒုက္ခတစ်ခုကို ဖြည့်တင်းပေးနေရသည်ဟူသော သဘောမျိုးမပါ။ သူ့စကားများမှာ တစ်ဖက်သတ်ကျလွန်းလှသည်။

အခမ်းအနားသို့ ဆုအသီးသီးယူဆောင်ကြရန် ရောက်ရှိလာကြသည့် ခရစ်တော်၏သားသမီးများမှာ မိမိတို့၏ဆန္ဒမပြည့်ဝမီ (မစ္စက်) (မဒမ်အိုက်) ၏ မဖွယ်ရာသော စကားကိုကြိုးစားပြီး နားလည်ကြရန် အထူးလိုအပ်နေသကဲ့သို့ပင် ဖြစ်နေတော့သည်။

ထို့နောက် မကြာခင်မှာပင် တစ်ဖက်နှင့် တစ်ဖက်တင်းမာသည့် စကားပြောဆိုသံများ ခန်းမတစ်ခုလုံးကို လွှမ်းမိုး၍သွားတော့၏။

သို့ရာတွင် ကျွန်ုပ်တို့သည် ထိုအခြေအနေကို ဂရုထား၍လေ့လာကြည့်သောအခါတွင်ကား မဒမ်အိုက်သည် ပါးပြင်များချိုင့်ဝင်နေသည့် သတ္တုတွင်းလုပ်သားတစ်ဦး၏ ဇနီးသည်အားတစ်ဖက်သတ် ဆူပူကြိမ်းမောင်းနေကြောင်းကို တွေ့ရလေသည်။

ထိုအမျိုးသမီးမှာ ဆင်းရဲလှသဖြင့် ယခင်နှစ်က ဆုအဖြစ်ရရှိခဲ့သော အဝတ်အစားများကို တစ်ဆင့်ပြန်ရောင်းပြီး ငွေလှည့်သုံးခဲ့ရသည်။ ထို့ကြောင့် ထိုအမျိုးသမီးအား ယခုနှစ်တွင် ဆုများကို ဆက်လက်၍ ချီးမြှင့်ရန်ပင် မထိုက်တော့ကြောင်း မဒမ်အိုက်က ဒေါသတကြီး ပြောကြား လျက်ရှိသည်။

သို့ရာတွင် ယခုနှစ်တွင်လည်း ပြီးခဲ့သော နှစ်ကအတိုင်းဆက်လက်၍ ပြုလုပ်ပါက နောက်နောင်တွင် ထိုအမျိုးသမီးကို ဆုများချီးမြှင့်ခြင်းမှ ရပ်စဲပစ်မည်ဖြစ်ကြောင်း နောက်ဆုံးအနေနှင့် မဒမ်အိုက်က ပြင်းပြင်းထန်ထန် သတိပေးခဲ့လေ၏။

mgyoe.com

mgyoe.com


အထက်ဖော်ပြပါဖြစ်ရပ်ကလေးမှာ ကျွန်ုပ်၏နှလုံးသားတွင် စွဲထင်၍ ကျန်ရစ်ခဲ့လေသည်။ နောင်တွင် ခရစ္စမတ်ပါတီ အခမ်းအနားနှင့် ကြုံကြိုက်တိုင်း ထိုဖြစ်ရပ်ကလေးကို ပြန်လည်၍ သတိရကာ ကျွန်ုပ်၏နှလုံးသား၌ ရွံရှာခြင်း၊ မုန်းတီးခြင်း၊ ကြမ်းတမ်းခက်ထန်ခြင်းများ ဖြစ်ပေါ်စေပါ၏။

ကျွန်ုပ်က မေးလိုက်ချင်ပါသည်။

ခရစ္စမတ်ပွဲတော်ချိန်၌ ဤကဲ့သို့ဖြစ်ပါသလော။

မိန်(တက္ကသိုလ်)

■

mgyoe.com

mgyoe.com

BULGARIA

Dimitr Ivanov

THE COMMISSIONER'S CHRISTMAS

## နယ်ပိုင်ဝန်ထောက်မင်း၏ ခရစ္စမတ်

မိန်(တက္ကသိုလ်)

'ကျွန်တော်တို့ အစောကြီးရောက်မှာပါ။ ဆရာသမား ခင်ဗျား နေမဝင်မီရောက်ဖို့ရာ သေချာပါတယ်။ ဟောဟိုမှာကြည့်လေ ဒီကလှမ်းမြင်နေရတဲ့တောင်ခြေရဲ့ အခြေကခပ်အုပ်အုပ်ဟာ ရွာပဲပေါ့၊ မြင်ရဲ့လား ကိုယ့်ဆရာ။ အဲဒီရိုးကို ဖြတ်ပြီးတာနဲ့ ကျွန်တော်တို့ရောက်သွားမှာပဲ'

ထို့နောက် ရထားလုံးသမားကလေးသည် ကြာပွတ်ကို တဖြတ်ဖြတ်ရိုက်ပြီးနှုတ်မှလည်း ...။

'ဟေး ... ဟေး ... ဆွဲလိုက်ကြပါဦးလား ဆရာတို့ရေ'

ဟုထပ်ခါထပ်ခါ ကျယ်လောင်စွာ အော်လျက်ပိန်လှီသောမြင်းများကို ဒုန်းနှင်နေလေ၏။

ယခုလိုအချိန်၌ တောလမ်းမှာရွှံ့နွံများဗွက်ထလျက်လမ်းအခြေအနေမှာ အဆိုးဆုံးဖြစ်၏။ ရထားလုံးဘီးလေးဘီးမှာ ရွှံ့ပျော့ပျော့များကြား၌ကြိုးစားပြီး ရုန်းကန်နေရ၏။

ဒီဇင်ဘာလအတွင်း ပြီးခဲ့သဖြင့် မိုးများရွာသွန်းမှုကြောင့် စိုထိုင်းနေသည့် ကုန်းပြင်တစ်ခုလုံးသို့ ရထားလုံး၏တဒုန်းဒုန်းဆောင့်သံများဖြင့် ဖုံးလွှမ်းလျက်ရှိနေတော့၏။

mgyoe.com

mgyoe.com


ရထားလုံးမောင်းသူ တောသားကလေးသည် မြင်းများကိုထပ်မံ အော်ဟစ်လိုက်ပြီး မိမိနေရာတွင်ပို၍ နေသားတကျရှိစေရန် ချက်ကျကျထိုင်လိုက်၏။

ထို့နောက်သူသည် ဝတ်ထားသော အပေါ်အင်္ကျီပွထူထူကြီးနှင့် ထိလုမတတ် ရေစိုနေသည့်ဦးထုပ်ကို ခပ်အုပ်အုပ်ဆောင်းလိုက်ပြီး အပူအပင်ကင်းသည့် အသံမျိုးဖြင့် ခပ်သွက်သွက်သီချင်းတစ်ပုဒ်ကို အော်ဟစ်ဆိုနေလေ၏။

'ဟေ့ ... ချာတိတ် မင်းနာမည်ဘယ်လိုခေါ်သလဲကွ'

ဝံပုလွေအရေဖြင့် ပြုလုပ်ထားသည့် ကုတ်အင်္ကျီနှင့် လူဝဝကြီးတစ်ဦးက ရထားလုံးအတွင်းမှထိုင်၍ လိုက်ပါရင်း လှမ်း၍မေး၏။

လုလင်ပျိုသည် သီချင်းဆိုမြဲဆိုနေ၏။

'ဟေ့ကောင် ... ငါမေးနေတာ မကြားဘူးလားကွ'

ထိုလူကြီးက ခက်ထန်သောအသံဖြင့် ကျယ်လောင်စွာထပ်၍ မေးနေပြန်၏။ ထိုအခါ လုလင်ပျိုသည် နောက်သို့လှည့်ကြည့်လိုက်ပြီး

'ဘာမေးတာလဲ ခင်ဗျာ' ဟု ပြန်မေးလိုက်၏။

'မင်းနာမည်၊ မင်းနာမည်ကိုမေးနေတာကွ'

'အော် ... အွန်ဒြာလို့ ခေါ်ပါတယ် ခင်ဗျာ'

'အော် ... အွန်ဒြာတဲ့လား၊ မင်းလည်း လူလည်ကလေးဖြစ်မှာပဲ၊ မင်းတို့တောသားတွေ အခုဆိုရင် လူလည်တွေချည်းဖြစ်ကုန်ပြီ၊ ဟင်း ... မင်းတို့ကောင်တွေ လိမ်ဖို့ညာဖို့တော့ တော်တော်တတ်နေကုန်ကြပြီ မဟုတ်လား၊ ငါတို့ တရားရုံးတော်မှာဆိုရင် အမှုတွေဖြစ်တိုင်း မင်းတို့ တောသားတွေဟာ သိုးငယ်ကလေးတွေလို အပြစ်ကင်းစင်ပါတယ်၊ ဘာပဲ ... ညာပဲနဲ့ တကယ်တမ်းကြတော့ မင်းတို့တစ်တွေဟာ ကောက်ကျစ်စဉ်းလဲတဲ့ ဝံပုလွေတွေပဲ တရားသူကြီးတွေကိုတောင် ပမာမခန့်နဲ့ သူတို့အတွက် ကစားစရာအရုပ်တွေများ အောက်မေ့နေကြသလား မသိဘူး'

'မဟုတ်ပါဘူး ခင်ဗျာ ...၊ ကျွန်တော်တို့တစ်တွေဟာ အင်မတန်ရိုးသားတဲ့ တောသူတောသားကလေးတွေပါ၊ ကျွန်တော်တို့ဟာ အမြဲခံနေရတာပါခင်ဗျာ ဆရာသမား ထင်နေလို့ပါ။

mgyoe.com

mgyoe.com


တကယ်ဆိုရင် ဆရာသမားထင်နေသလို မဆိုးပါဘူး၊ ကျွန်တော်တို့ တောသားများ ညစ်တယ်၊ လည်တယ်ဆိုတာလည်းပဲ ရိုးရိုးစင်းစင်းကြီးတွေ ပါခင်ဗျာ၊ မသိနားမလည်လူရည်မလည်ကြလို့ ဒီလိုရိုးရိုးကြီး ညာမိကြတာ ပါ ဟုတ်ပါတယ်ခင်ဗျာ၊ အလွန်ညာမိကြတယ် ဆင်းရဲကျပ်တည်းလို့ ညာမိ ကြတယ် ဒီထက်မပိုကြပါဘူးခင်ဗျာ'

'အေးအေး ဟုတ်တယ်ဟုတ်တယ် ဆင်းရဲကြပ်တည်းလို့ ညာကြတာ ပါတဲ့ ခွေးမသားတွေ ပြောတော့ဖြင့် မသိလို့ နားမလည်လို့ ဆင်းရဲလို့နဲ့ သောက်လိုက်ကြတဲ့ အရက်ကြတော့လည်း မိုးမွှန်နေတာပဲ'

'သာယာဝပြောပြီး ငွေတွေပိုနေလို့ သူတို့သောင်းကျန်းနေတယ်လို့ ဆရာသမား ထင်နေသလား၊ ဒီလိုဆိုရင်တော့ ဆရာသမား အမြင်မှားနေ ပြီထင်တယ်။ ဟုတ်ပါတယ် သူတို့အားလုံးသောက်ကြတာပဲ တတ်နိုင်ကြ လို့ သောက်ကြတယ်လို့တော့ မထင်လိုက်ပါနဲ့ခင်ဗျာ ဒီထက်ပိုပြီးများ စိတ်ချမ်းသာမလားဆိုပြီး သောက်ကြတာပါပဲ'

'ဒီအဖြစ်မှန်တွေကို ဆရာသမားရဲ့ မှတ်စုစာအုပ်ထဲမှာ ရေးမှတ်သွား ဖို့ကောင်းတယ်ထင်တာပဲ'

'မင်းလည်း သောက်ထားပြန်ပြီထင်တယ်။ မင်းမှာ နှုတ်ခမ်းမွေး တောင်မပေါက်သေးဘူး၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ပျက်စီးနေပြန်ပြီလား၊ မင်းတို့ တောသားတွေဟာ တစ်ဆိတ်ရှိရင် ခနဲ့တဲ့တဲ့နဲ့ ရေးသွားပါဦးလား မှတ်သွား ပါဦးလားနဲ့ပြောတတ်ကြတယ်၊မင်းတို့အားလုံးဘာမှအသုံးကျတဲ့ကောင်တွေ မဟုတ်ဘူး မင်းလည်းအပါအဝင်ပဲ'

'ကျွန်တော်တို့တစ်တွေဟာ ရေးတတ်မှတ်တတ်လောက်အောင် စာမှ မတတ်ကြဘဲ ဆရာသမားတို့လို တတ်တဲ့လူတွေသာ မှတ်တမ်းတင်သွားပါ ခင်ဗျာ'

ရထားလုံးမောင်းသူ လုလင်ပျိုကလေးသည် ထိုသို့ပြောဆိုပြီးနောက် သူ၏ ကြုံလှီသောမြင်းများဘက်သို့ လှည့်၍ ...

'ဟေး ... ဟေး ... ဆွဲလိုက်ကြဦးစို့လား ဆရာသမားတို့ရေ'

ဟု အော်ဟစ်မောင်းနှင်နေပြန်သည်။ ထို့နောက်သူသည် တစ်စုံတစ်ခု ကို လေးလေးနက်နက် စဉ်းစားနေ၏။ သူ၏မြင်းများသည်လည်း စဉ်းစား

mgyoe.com

mgyoe.com


ခန်း ဝင်နေကြသလားဟု ထင်မှတ်ရလောက်အောင် ရုတ်တရက် ရပ်တန့်နေပြီးမှ လေးကန်စွာဆက်၍သွား၏။

ရထားလုံးအတွင်းမှ စီးနင်းလိုက်ပါလာသူ လူကြီးသည် အအေးဒဏ်မှ လုံခြုံနိုင်ရန် သူ၏အပေါ်အင်္ကျီမှ ကော်လာရှည်ကြီးကို တတ်နိုင်သမျှ ဆွဲတင်လိုက်၏။ သူ၏တစ်ကိုယ်လုံးမှာလည်း ၎င်းအင်္ကျီရှည်ကြီး အတွင်းတွင် မြုပ်နေ၏။ သူသည်လည်း အတွေးရေယဉ်ကြောတွင် နစ်မျော၍ နေလေသည်။

ကျီးတစ်ကောင်သည် တောင်ပံတစဖျတ်ဖျတ်ခါလျက် လမ်းဘေးတွင်ရှိသည့် တစ်ခုတည်းသော သစ်ပင်ပေါ်သို့ ခိုနားလိုက်၏။ နားလိုက်သော သစ်ကိုင်းခြောက်မှာ ဒန်းလွဲနေဘိကကဲ့သို့ လှုပ်ယိမ်းနေပြီး ကျီးကန်းသည် လေးတွဲ့သော အသံဖြင့်ညည်းညူစွာ အာလိုက်သည်မှာ အတွေးခေါင်နေသကဲ့သို့ရှိ၏။

မှုန်ရီသော ဆောင်းရာသီပင်လျှင် ထိုင်းမှိုင်းသောအတွေးရေယာဉ်ကြောတွင် တငြိမ့်ငြိမ့်မျောပါ နေဘိသကဲ့သို့ရှိပြီး နောက်တစ်နေ့တွင် ဆိုက်ရောက်လာမည့် ခရစ္စမတ်ပွဲတော်မှာ ခြောက်သွေ့နေလိမ့်မည်လောဟု နိမိတ်ပြေးနေသည်ဟုထင်ရသည်။

ပြာလွင်အေးမြသော အထက်ကောင်းကင်ယံတွင်လည်း မိုးသားတိမ်လိပ်များက အဆုပ်လိုက်အဆိုင်းလိုက် တရွေ့ရွေ့လှုပ်ရှားနေသည်။ မဟာပထဝီမြေကြီးမှာလည်း ရေခိုးရေငွေ့များ၊ နှင်းနှံ့များဖြင့် ဖုံးလွှမ်းနေသည်။ ခပ်လှမ်းလှမ်းဆီမှ ခပ်ညိုညိုရွာများသည်လည်းကောင်း၊ စမ်းချောင်းငယ်များသည်လည်းကောင်း၊ တောတန်းနှင့် တောင်တန်းပြာကြီးများသည်လည်းကောင်း အသက်ဝိညာဉ် ကင်းမဲ့လျက်ရှိပြီး ညိုမှောင်၍နေကာ စိတ်ပျက်ဖွယ်ရာ မြင်တွေ့နေရသည်။ လွင်ပြင်များတွင်ရှိသော အင်းအိုင်တို့သည် မျက်လုံးများကဲ့သို့ အရောင်ထွက်နေသည်ဟု ထင်ရသည်။

ရထားလုံးငယ်သည် နှင်းနှံ့များကို ဖြတ်သန်းရုန်းကန်လျက် တရွေ့ရွေ့လှုပ်ရှားနေရသည်။ ရထားလုံးငယ်ဘေးမှကွာ၍ ထွက်နေသော ပျဉ်တစ်ချပ်၏ အဆက်မပြတ် လှုပ်ရှားရိုက်ခတ်သံသည် ရထားလုံးအတွင်းရှိ ဝဝဖိုင့်ဖိုင့်လူကြီး၏အတွေးအာရုံကြောကို အကြင်နာကင်းမဲ့စွာ နှောင့်ယှက်နေ၏။

mgyoe.com

mgyoe.com


နောက်ဆုံးတွင် လူဝကြီးမှာ စိတ်မရှည်နိုင်တော့သဖြင့် ရထားလုံးမှ ခေါင်းပြူထွက်ကာ လှမ်း၍အော်လိုက်သည်။

'ဟော့ ... ချာတိတ် အဲဒီအသံအဆိုးကြီးက ဘာသံကြီးလဲကွ ...။'

'ရထားလုံးဘေးက ကပ်ထားတဲ့ပျဉ်ပြားတစ်ချပ် ကွာပြီးအသံမြည်နေတာပါခင်ဗျာ၊ ဂရုစိုက်နေစရာ မလိုပါဘူးဗျာ။ ဘာနဲ့တူလဲဆိုတော့ မြို့ပေါ်က ပညာတတ်တဲ့ မင်းမှူထမ်းတွေ ဟိန်းဟောက်ဆူညံနေတဲ့ အသံတွေလိုပါပဲ'

'အွန်ဒြာရာ မင်းတော်တော်လာတဲ့ အကောင်ပါပဲ၊ မင်းလိုအကောင်စားမျိုးတွေပေါ့ကွာ မိန်းမငယ်ငယ်ချောချောတွေကို ညာလှိုင်းပြီး အရယူတတ်တယ်ဆိုတာ ငါလောင်းရဲပါတယ်'

လူကြီးသည် သူ၏သရော်ပြောင်လှောင်ချက်ကို သဘောကျသည့်အလား ကျေနပ်စွာဖြင့် သူ၏ကော်လာရှည်ကြီး နှစ်စကို ခေါင်းမြုပ်အောင် ဆွဲ၍ ခြုံလိုက်သည်။

'ဆရာသမား မှားနေပြီခင်ဗျာ့၊ လင်ရှိမိန်းမ ချောချောလှလှကလေးတွေက ဆရာသမားပြောတဲ့ နုနုနယ်နယ်လေးတွေထက် ပိုနိပ်တာပေါ့ဗျာ၊ ဆရာသမားရော မစွံချင်ဘူးလား၊ ကျွန်တော်ရွာမှာ အောင်သွယ်ပေးမယ်လေ'

'ဟော့ကောင် မင်းကငါ့များဘာကောင် အောင်းမေ့လို့မဟုတ်တရုတ်တွေ ပြောနေတာလဲ၊ မှတ်ထားကွ ငါဟာနယ်ပိုင်မင်းပဲ'

ထိုအခါမှပင် အွန်ဒြာသည် သူ၏ခရီးသည်ကြီးအား စူးစမ်းသောအကြည့်ဖြင့် ကြည့်လိုက်သည်။

'အမှုကိစ္စအတွက် ကြွလာပါသလားခင်ဗျာ'

'အေးပေါ့ကွ မင်းတို့ရွာကကောင်တစ်ကောင်က ငါ့ကိုလှိမ့်သွားလို့ ဒီတစ်ချီတော့ မှတ်လောက်သားလောက် ခပ်မျက်မျက်ကလေး ခံသွားရအောင် အကြောင်းပြလိုက်မယ်၊ ဒီကောင်ဟာ တို့ကို ညာလှိုင်းနေပြီး လုပ်ချင်တာတွေလျှောက်လုပ်နေတယ်၊ ရွာရောက်ရင် သူ့ကိုရှာပြီး ဖမ်းချုပ်ခေါ်သွားဖို့ ငါမှာဝရမ်းပါလာတယ်။

ဒီနှစ် ခရစ္စမတ်ကိုရော ငါ့ကိုရော မမေ့နိုင်အောင်မှတ်လောက် သားလောက် အကြောင်းပြလိုက်ရသေးတာပေါ့။ မင်းမယုံရင်ကြည့်ထား သူ့ကို

mgyoe.com

mgyoe.com


ထဲက ဂျုံစပါးတွေ အားလုံးငါသိမ်းပြမယ်၊ မင်းတို့အားလုံးကိုလည်း အထက် အရာရှိတွေကိုလှည့်ဖြားရင် ဘယ်လိုဖြစ်တယ်ဆိုတဲ့ သင်ခန်းစာပေးတဲ့ အနေနဲ့ စံပြလုပ်ပြမယ်။

မင်းတို့ဟာ ကုန်သည်တွေနဲ့ မြို့နေလူထုတွေကို ကြက်ဥအပုပ်တွေ၊ စားမရတဲ့ထောပတ်တွေကို ညာပြီးရောင်းလို့ ရချင်ရမယ်။ ဒါပေမဲ့ တရားရုံးတော်ကို ဘယ်တော့မှကြာကြာကြီး ညာနေလို့ မရဘူးဆိုတာ ကောင်းကောင်းကြီးသိစေမယ်'

'တို့က မင်းတို့ကို ဘယ်လိုအပြစ်ပေး ဆုံးမရမယ်ဆိုတာ ကောင်းကောင်းကြီးသိတယ်၊ မင်းတို့အတွက် လိုအပ်နေတာက အရိုက်ကြမ်းတဲ့ ရုရှားကြိမ်တံမျိုးနဲ့ ခပ်မျက်မျက်ကလေး နှက်လိုက်ရင် မင်းတို့လိမ္မာသွားကြမှာပဲ။

မင်းတို့ဟာ သောက်လားမူးလားနဲ့ စည်းကမ်းပျက်တဲ့ အရက်သမားတွေ ဖြစ်နေကြပြီ၊ မင်းတို့ဟာ အစိုးရအကောက်ခွန်ငွေတွေလည်း မပေးဆောင်ကြဘူး၊ တိုင်းပြည်ရဲ့အဖျက်သမားတွေပဲ။

မင်းတို့ကြောင့် တို့တိုင်းပြည်တစ်မျိုးသားလုံးရဲ့ တိုးတက်မှုတွေဟာ ဆုတ်ယုတ်ကုန်ပြီ၊ ငါသာ ဇာဘုရင်နှစ်ရက်လောက်ပဲ ဖြစ်ကြည့်စမ်းချင်တယ်၊ မင်းတို့ကို ကျိုးနွံလိမ်မာတဲ့သူတွေဖြစ်လာအောင် ကောင်းကောင်းတွယ်ပြလိုက်မယ်၊ ဒါပေမဲ့ကွာ ငါကဇာဘုရင် မဖြစ်တာကခက်တယ်'

နယ်ပိုင်မင်းသည် သူ၏အင်္ကျီကြယ်သီးများကို ဖြုတ်လိုက်ပြီး ဥခွံတွင်းမှ ကြက်ငယ်ကလေး တစ်ကောင်ခွဲ၍ထွက်လာသကဲ့သို့ ခေါင်းပြူ၍ ထွက်လိုက်သည်။

'ဒါပေမဲ့ ဆရာသမားရယ် ဘုရားသခင်ဟာ ကမ္ဘာလောကကြီးကို ဖန်ဆင်းတုန်းက မိန်းမတွေမှာ မုတ်ဆိတ်မွေးတွေ မလိုအပ်ဘူးထင်လို့ ဖန်ဆင်းပေးတော် မမူခဲ့ဘူး၊ မြည်းတွေကိုကျတော့ နားရွက်အရှည်ကြီးတွေ လိုအပ်တယ်ထင်လို့ မြည်းတိုင်းကို နားရွက်အရှည်ကြီး တစ်စုံစီဖန်ဆင်းပေးတော်မူခဲ့တယ် မဟုတ်လား'

'အားလုံးသော သတ္တဝါတွေဟာ သူ့အကျိုးပေးနဲ့သူ ဖြစ်လာကြရတာပါ ဆရာသမားရယ်'

mgyoe.com

mgyoe.com


အွန်ဒြာသည် တကယ်ရိုးသားဖြူစင်သော တောသားတစ်ယောက်၏ ဟန်ပန်လေသံမျိုးဖြင့် ပြန်၍ချေပလိုက်သည်။

'ဟော့ ... အသုံးမကျတဲ့ မင်းစကားတွေကို ရပ်ထားပြီးမြန်မြန်သာ ဆက်မောင်းစမ်းပါကွ၊ မှောင်လာပြီ၊ ဒီကကိစ္စဝိစ္စပြီးရင် ပြန်ပြီးငါ့အိမ်သား တွေနဲ့ ခရစ္စမတ်အခမ်းအနားကျင်းပဖို့ရှိသေးတယ်။

ခွေးသားလေး ရထားလုံးခကျတော့ အရမ်းတောင်းတာပဲ၊ ကီလိုမီတာ ၂၀ ခရီးကို ၃လူ (ဘူဂေးရီးယားငွေ)တောင်မှ တောင်းတယ်၊ တို့ကို ဘယ်လို လိုးရမယ်ဆိုတာကျတော့ မင်းတို့သိတယ်၊ ကဲ မြန်မြန်မောင်း၊ ရွာက မင့် အကောင်တွေ အိပ်ကုန်လိမ့်မယ်'

'ဟေး ... ဟေး ... ဆွဲလိုက်ကြပါဦးတော့လား ဆရာသမားတို့ရေ'

'ဟော့ ဘယ်လိုကွ၊ မင်းက မြင်းတွေကိုများ ဆရာသမားလေး၊ ကိုယ့် ဆရာလေး၊ မင်းအဘလို့ ခေါ်ပါ့လားကွ။'

နယ်ပိုင်မင်းက ဒေါသတကြီးအော်၍ ပြောလိုက်သည်။

'ဟာ ဘယ်ဖြစ်ပါ့မလဲ ဆရာသမားရယ် အဲဒီလိုမခေါ်ရင် သူတို့ ကြိုက်မှာမဟုတ်ဘူး၊ သူတို့ကို ကျွန်တော်က ဆရာသမားလို့မခေါ်ရင် သူတို့ကို စော်ကားရာကျတော့မှာပေါ့၊ ဘာပြုလို့လဲဆိုတော့ သူတို့ဟာ နယ်ပိုင်ကြီးတို့လို စည်းနဲ့ကမ်းနဲ့ အားကြီးတာဝန်ကျေကြတာကလား။

သူတို့ဟာ ခရီးစဉ်ကို အချိန်မှန်မှန် ပြေးဆွဲတယ်၊ မနက်စောစော ထတယ်၊ကျွန်တော်တို့က အချိန်မှန်မှန် ရေတိုက်ရတယ်၊ အစာကျွေးရတယ်။ အဲဒီနောက် ကုန်းနှီးတပ်ဆင်ပေးလိုက်တာနဲ့ တစ်ခါတည်း ဆရာသမား တို့လို အလုပ်ခွင်ကို တန်းဝင်ကြပြီး ညနေခင်းအထိ အဆက်မပြတ် အလုပ် လုပ်ကြတော့တာပဲ'

'အဲ ... တစ်နေတာ အလုပ်ခွင်ပြီးတော့လည်း ညစာကို အချိန်မှန်မှန် စား၊ ရေမှန်မှန်သောက်၊ နောက်ပြီး အနားယူတော့တာပဲ။ ဆရာသမားတို့ သတင်း စာလေး ဘာလေးဖတ်ပြီး အနားယူကြသလိုပေါ့လေ နောက်ဆုံး ကျတော့ အိပ်ရာဝင်ကြတာပဲ၊ ကဲ သူတို့အလုပ်ဟာ ဘယ်လောက်ရိုး သဘောဆန်သလဲ'

'ဟော့ကောင် မူးပြီးဘာတွေလျှောက်ပြောနေတာလဲ။ မင်းကြည့်ရတာ

mgyoe.com

mgyoe.com


ခနဲ့တဲ့တဲ့ ပြောင်ချော်ချော်အကောင်စားမျိုးပဲ မြန်မြန်မောင်းစမ်းကွာ ငါ နောက်ကျနေမယ်'

'အို ... ဘာမှစိုးရိမ်မနေပါနဲ့ ခင်ဗျာ ... ရောက်မှာပေါ့။ ဒီနားမှာ ကြောက်စရာကောင်းလောက်တဲ့ သားရဲတိရစ္ဆာန်လည်း မရှိပါဘူး ... ဟဲ ဟဲ ... ဟဲ'

ရထားလုံးမောင်းသမားလေး၏ မူမမှန်သောလေသံကြောင့် ဂုဏ်သရေရှိ နယ်ပိုင်မင်းခမျာမှာ ပတ်ဝန်းကျင်ဘေးဘီသို့ စိုးရိမ်ပူပန်သော မျက်လုံးများဖြင့် ကြည့်လိုက်သည်။

'ဟော့ ... ဒီမှာ ချာတိတ်၊ ငါ သားရဲတိရစ္ဆာန်တွေကို မကြောက်ပါဘူးကွ၊ အေးလွန်းတဲ့ရာသီကိုသာ ကြောက်တာပါ၊ ခုနေခါ အအေးပတ်သွားရင် ကုသဖို့အချိန်မအားဘူးကွ'

သူတို့သည် အတန်ကြာအောင် စကားမပြောကြတော့ဘဲ ရထားပေါ်တွင် တငြိမ့်ငြိမ့်လိုက်ပါ သွားကြသည်။

'ဒါနဲ့ ဆရာသမားက တာဝန်နဲ့ လာတာပဲပေါ့။ ဒီတစ်ခါဘယ်သူ့ကို ဖမ်းမှာလဲဗျ'

အွန်ဒြာသည် သူ၏ခရီးသည်ကြီးအား လေးနက်သောမျက်နှာထားဖြင့် မေးလိုက်သည်။

နယ်ပိုင်ကြီးသည် ရုတ်တရက်မဖြေသေးဘဲ အတန်ကြာမျှဆိုင်းငံ့နေပြီးမှ ...

'မင်းဘာလို့မသိရမှာလဲကွ၊ 'စတဲန္တိုင်' ချိုလို့ ခေါ်တဲ့ကောင်လေ... လူကသေးသေး၊ လည်ပင်းကတုတ်တုတ်နဲ့ အကောင်ကော'

'အော် သူ့ကို ကျွန်တော်သိတာပေါ့၊ ဒါနဲ့ သူ့ဂျုံစပါးတွေကို ဆရာက သိမ်းတော့မလို့လား၊ နယ်ပိုင်ကြီးရယ်၊ သူဟာ ဆင်းရဲနွမ်းပါးတဲ့ လူတစ်ယောက်ပါခင်ဗျာ၊ ဒီတစ်ကြိမ်တော့ ချမ်းသာပေးလိုက်ပါ၊ ဒီအချိန်ဟာလည်း ခရစ္စမတ်အချိန်ကြီး ဖြစ်တယ်ဆိုတာလည်း နယ်ပိုင်ကြီး အသိပဲ မဟုတ်လား'

'အေး မင်းပြောသလို ဆင်းရဲတဲ့လူတစ်ယောက်တော့ ဟုတ်ပါရဲ့ ဒါပေမဲ့ အမြဲတမ်း ဆိုးသွမ်းသူတစ်ယောက်လည်း ဖြစ်တယ်ကွ ...'

mgyoe.com

mgyoe.com

နယ်ပိုင်ကြီးသည် ငြိမ်သက်၍သွားသည်။ အမှောင်ထုသည် တဖြည်းဖြည်း စိုးမိုးလာသည်။ မြင်းများသည် တောင်ကုန်းကလေးတစ်ခု၏ ထိပ်သို့ ကြိုးစား၍တက်နေသည်။

သူတို့သွားနေသည့်ရွာသည် ထိုတောင်ကုန်းကလေး၏ တစ်ဖက်တွင်ရှိသည်။ အွန်ဒြာသည် ကြာပွတ်ရှည်ကြီးကို ဝင့်ကာသူ၏မြင်းများကို မောင်းနှင်ခြင်းလည်းမပြုတော့ပေ။ သူသည်စကားလည်းမပြောတော့၊ သီချင်းလည်း မဆိုတော့ဘဲ အတွေးဝယ်သာ နစ်မျောနေသည်။

သူတို့သည် တောင်ကုန်းထိပ်သို့ ရောက်ပြီးအခြားတစ်ဖက်ရွာရှိယာဘက်သို့ဆင်းသည့် အချိန်တွင် မှောက်မိုက်၍ နေလေသည်။ ရွာကိုပင် မမြင်ရတော့ချေ။

လတာပြင် ဖုံးလွှမ်းထားသော မြေပြင်ဆီမှ အေးစက်သောလေသည် တစ်ဟုန်ထိုး တိုက်ခတ်၍လာသည်။ တိမ်လိပ်တိမ်ခွေများသည် တောင်တန်းများဆီသို့ ရွေ့လျားပြန့်ကျဲ၍ သွားကြသည်။ နှင်းမြူရောသော မိုးကောင်းကင်ပြာကြီးမှာလင်းပြန့်၍ မြင့်မားစွာတက်သွားသည်ဟု ထင်ရသည်။

မကြာမီ အေးမြသန့်စင်တောက်ပသော ကြယ်အစုတို့သည် ကောင်းကင်ပြင်မှ ထွက်ပြူ၍လာသည်။

တိုက်ခိုက်၍လာသော ဆောင်းလေကလည်း သိသိသာသာပင် အေးစိမ့်၍လာသည်။ မြင်းများကလည်း ပျင်းရိလေးကန် ပင်ပန်းစွာသွားနေကြသည်။

'ဟေ့ မြန်မြန်မောင်းပါကွ ကြာပွတ်နဲ့ ဆော်ပါလား၊ မင်းလူပျင်းပဲ၊ တို့ ဒီမှာသေးခဲပြီး သေကုန်လိမ့်မယ် ...'

နယ်ပိုင်ကြီးမှာ ဒေါသကြောင့် တဆတ်ဆတ်တုန်နေသည်။ သို့ရာတွင် အွန်ဒြာသည် နယ်ပိုင်ကြီး၏ အော်ဝေါက်သံတို့ကို ဂရုမစိုက်ဘဲ ငိုက်မြည်းစွာနှင့်ပင် မြင်းများ၏ခေါင်းပေါ်သို့ဝင့်ကာ မောင်းလိုက်သည်။

သို့သော် မြင်းများမှာ ယခင်ကလိုပင် ဝေါက်သံမောင်းသံများကို မကြားဘိသကဲ့သို့ ပင်ပန်းနွမ်းနယ် ဖြည်းလေးစွာပင် သွားနေကြသည်။ အွန်ဒြာသည် ဒုက္ခနှင့် ရင်ဆိုင်ရတော့မည့် သူငယ်ချင်းဖြစ်သူ စတဲန်ဒိုင်ချို အကြောင်းကို စဉ်းစားနေမိသည်။ မနက်ဖြန် မနက်စောစောတွင် နယ်ပိုင်ကြီး

mgyoe.com

mgyoe.com


သည် သူ၏ဂျုံစပါးများကို သိမ်းယူသွားတော့မည် မဟုတ်ပါလား။

'ဒီဒုက္ခကြီးကို မင်းသယ်ဆောင်လာတာ မဟုတ်လား အွန်ဒြဲ ...' ဟု စတဲန္တိုင်ချိုက ဆိုတော့မည်။

ထိုကဲ့သို့ သူ့ကိုအပြစ်ဆိုပြီးသည်နှင့် သူဆိုမိခဲ့သည့် အပြစ်အတွက် ကြေရာကြေကြောင်း သူ့အိမ်သားများနှင့် အတူတကွထမင်းစားရန် ခေါ်လိမ့်မည်။ ထို့နောက် ဝမ်းနည်းစွာ ငိုမြည်၊ ဟုတ်သည် စတဲန္တိုင်ချို ငိုပေမည်၊ အဘယ်ကြောင့်ဆိုသော် သူ့နှလုံးသားသည် နူးညံ့ ပျော့ပျောင်းသောကြောင့် ဖြစ်သည်။ ဤသည်တို့ကို အွန်ဒြဲကောင်းစွာ ကြို၍သိထားသည်။

ထို့ကြောင့်ပင် အွန်ဒြဲ စဉ်းစားမိသည်။ သနားစရာကောင်းလှသော စတဲန္တိုင်ချိုကို ကူညီရမည်။ ထိုနေ့ညတွင် အချိန်မီ စတဲန္တိုင်ချို၏ ဂျုံစပါးများ ကြိုတင်ဝှက်ထားကာ စပါးကျီကိုလည်း တံမြက်စည်းဖြင့် လှဲကာ အပြောင်ရှင်းထားနိုင်လောက်အောင် ကြံစည်ရပေမည်။ သို့မဟုတ် စတဲန္တိုင်ချို ခမျာ လာမည့်နှစ်တွင် အစာပြတ်လပ်သဖြင့် ကြုံလှီသောသူ၏ နားရွက်နှစ်ဖက်မှာ ထောင်နေပေတော့မည်။

အွန်ဒြဲ တစ်ခုခုကြံရပေတော့မည်။

ထူသော နက်ရှိုင်းသော ရွံ့ညွန်များမှ တစ်ပါးဘာမှ သဲသဲကွဲကွဲမမြင်ရတော့ပေ။ လမ်းသည် လတာပြင်ထဲမှာပင်ပျောက်၍သွားသည်။ ဘယ်ကိုပင်ကြည့်ကြည့် မဆုံးနိုင်သော ရွံ့ညွန်များကိုပင် တွေ့နေရတော့သည်။

အွန်ဒြဲသည် ကြိုးကိုဆွဲကာ မြင်းများကို ရပ်လိုက်သည်။

'ကျွန်တော်တို့တော့ လမ်းစပျောက်လို့ စိုးရိမ်နေရပြီ နယ်ပိုင်ကြီးခင်ဗျာ ...'

ရထားမောင်းလုလင်ကလေး အွန်ဒြဲသည် အမှောင်ထုအတွင်းသို့ တစ်စုံတစ်ခုသော ရည်ရွယ်ချက်ဖြင့် စူးစိုက်၍ ကြည့်လိုက်သည်။

နယ်ပိုင်ကြီးသည် ရထားမောင်းသူ၏ မျက်နှာကို သတိထား၍ ကြည့်လိုက်သည်။ စောစောပိုင်းက တွေ့မြင်ခဲ့သော ရွှတ်နောက်နောက် အသွင်မျက်နှာထားကို ရထားမောင်းသူ၏ မျက်နှာပေါ်တွင် စိုးစဉ်မျှ မတွေ့ရတော့ချေ။

'ဟော့ ကောင်လေး သေချာကြည့်လုပ်ဦး။ နောက်ပိုင်းဖြစ်လာမည့်

mgyoe.com

mgyoe.com


ပြဿနာတွေဟာ မင်းတာဝန်ပဲ၊ မင်း ကြိမ်ဒဏ်ကောင်းကောင်းကြီး ခံသွားရမယ်နော်’

အွန်ဒြဲသည် မြင်းကြိုးများကို တစ်ချက်မျှ ဆောင့်ဆွဲလိုက်သည်။ ကြာပွတ်ဖြင့်လည်း လွဲ၍ ရိုက်လိုက်သည်။

‘မြဲမြဲသာ ကိုင်ထားပေတော့ နယ်ပိုင်ကြီးရေ ...’

သူတို့ရှေ့ ခပ်ဝေးဝေးတွင်ရှိသော ရွာဆီမှ မီးရောင်ကလေးများက မှိန်မှိန်လင်းနေသည်။ အဝေးဆီမှ ခွေးဟောင်သံများက သူတို့ထံသို့ပဲ့တင်ပြန်၍ ရိုက်ခတ်လာသည်။

သူတို့၏ ညာဘက်ပေအနည်းငယ်ကွာလှမ်းသောနေရာတွင် ကြီးမားသော ကန်ကြီးတစ်ကန်ရှိသည်။ ငြိမ်သက်နေသော ကန်ရေပြင်မှာ ပုလဲရောင် မျက်နှာပြင်ကဲ့သို့ ဖြူဖွေးနေသည်။ ရထားလုံးသည် ထိုကန်ကြီးဆီသို့ ဦးတည်၍ လှည့်လိုက်လေသည်။

‘ဟော့ ဘာဖြစ်ပြန်တာလဲကွ’

နယ်ပိုင်ကြီးက အော်၍မေးလိုက်သည်။

‘ဘာမှမဟုတ်ပါဘူးခင်ဗျာ ရှေ့မှာလတာပြင်ကြီးရှိလို့ပါ၊ နှင်းကြီးက ဒီလမ်းကို ပိတ်နေတယ်၊ ချိုင့်လေးတွေ ဟိုတစ်ကွက် ဒီတစ်ကွက် ရှိတယ်၊ ဒါပေမဲ့ တိမ်တိမ်လေးတွေပါ စိုးရိမ်စရာမရှိပါဘူး၊ ဒီချိုင့်တွေကို ကျွန်တော် ရထားလုံးနဲ့ပဲဖြစ်ဖြစ်၊ ခြေလျင်ပဲဖြစ်ဖြစ် ရှောင်သွားနေကျပဲ။

‘ကဲ မြဲမြဲသာ ကိုင်ထားပေတော့ နယ်ပိုင်ကြီး ခင်ဗျာ၊ ဟေး ... ဟေး ကိုယ့်ဆရာတို့ ရုန်းလိုက်ကြဦး’

ကြယ်များပွင့်နေသော ကောင်းကင်ယံသည် ကန်ရေပြင်ပေါ် အရိပ်ထင်လျက်ရှိ၏။ မြင်းများသည် အေးစက်သော ရေပြင်ကိုဖြတ်တိုး၍ သွားကြသည်။

သူတို့သည် သတိကြီးစွာဖြင့် တရွေ့ရွေ့ တိုးဝင်သွားသည်နှင့်အမျှ လဟာပြင်အတွင်းသို့ တစ်စတစ်စ မြုပ်၍မြုပ်၍ သွားကြသည်။

စောစောက ပုလဲရောင်ပြေးကာ ငြိမ်သက်နေသော ရေပြင်သည် အသက်ဝင်လာသကဲ့သို့ လှုပ်ရှား၍သွားလေသည်။

‘ဟော့ ... နွားလေး ... ရပ်လိုက်တော့ကွ ရပ်လိုက်’

mgyoe.com

mgyoe.com


အပေါ်အင်္ကျီရှည်ကြီးကို ခပ်ကျပ်ကျပ် ဆွဲစိလိုက်ရင်း နယ်ပိုင်ကြီးသည် ထိတ်လန့်တကြား လှမ်း၍ အော်လိုက်သည်။

'မင်း ... ငါ့ကို ရေနစ်သတ်မှာလား။ ရထားလုံးထဲ ရေတွေဝင်နေတာ မင်းမသိဘူးလား ဟောကောင် ... ရပ်လိုက်ကွ ... ရပ်လိုက်

ကွန်ဒြာသည် မြင်းများကို ရပ်လိုက်သည်။ ရထားလုံးသည် ရပ်သည်နှင့် တစ်ပြိုင်နက် ရွှံ့ထဲသို့ နစ်သွားသည်။ ရထားလုံးသည် လတာပြင်၏ အလယ်ကောင်လောက်တွင် ရောက်နေသည်။

လတာပြင်၏ အစနှင့်အဆုံးမှာ အမှောင်ထုကြောင့် ဖောက်ထွင်း၍ မမြင်နိုင်ချေ။

'ဟေး ... ရုန်းလိုက်စမ်းဟေ့'

ကွန်ဒြာက သူ၏မြင်းများကို အော်လိုက်ပြန်သည်။

သူ၏အောင်မြင်သော အသံလေးမှာ ညအမှောင်ထုအတွင်းမှ ပဲ့တင်ပြန်၍ လာသည်။

ထိုအနီးအနားတွင်ရှိသော တောဘဲများမှာ ထိတ်လန့်စွာဖြင့် အတောင် တဖျတ်ဖျတ်ခတ်လျက် အမှောင်ထုတွင် ပျံသန်းပျောက်ကွယ်၍ သွားလေသည်။

'အင်း ... ကျွန်တော်တို့လည်းပဲ ... ရေကြက်အဖြစ် အသွင်ပြောင်းပြီး ရေပြင်ကို ဖြတ်လျှောက်သွားရရင် ကောင်းမလားဘဲ။ ဒါမှ မဟုတ်ရင် လဲ...'

အွန်ဒြာက စဉ်းစား၍ ပြောလိုက်သည်။

'ဟေ့ကောင် ... ခွေးမသား ... မင်းတော့လား။ ဒီလတာပြင်က အပြင်ရောက်မှ မင်းတစ်ကိုယ်လုံးမှာရှိတဲ့ အရိုးတွေကို ရိုက်ချိုးပြမယ်။ ဟေ့ကောင်တို့ ကြွက်တွေ ရေနစ်သေသလို သေတော့မှာပဲကွ ... ခွေးကောင်ရ...'

'အို ... နယ်ပိုင်ကြီးရယ် ... ဒီလောက်လည်း မကြောက်နေပါနဲ့ ကျွန်တော်တို့ ရေမနစ်နိုင်ပါဘူး၊ ဒီလောက်မှောင်နေမှတော့ ဘယ်သူပဲဖြစ်ဖြစ် လမ်းမှားမိမှာပဲ။ အေးအေးဆေးဆေးသာ လိုက်ခဲ့စမ်းပါ'

အွန်ဒြာသည် ပြောဆိုရင်း မြင်းကကြိုးကို ကြည့်ရှုစစ်ဆေးလိုက်၏။ သူ့နှုတ်မှလည်း တတွတ်တွတ် ရေရွတ်ကျိန်ဆဲလျက် မြင်းခါးပတ်ကြိုးများ

mgyoe.com

mgyoe.com


ကို တချို့ဖြုတ်လိုက်၊ တချို့တပ်လိုက်လုပ်နေသည်။

နောက်ဆုံး၌သူသည် သူထိုင်သည့်နေရာတွင် ထိုင်ကာကြာပွတ်တစ်ချက် ဝင့်လိုက်ပြီး

'ဟေ့ ... ရှန်းကြစမ်းကွ'

မြင်းများသည် ရှေ့သို့ရှန်းထွက်သွားကြသည်။

ထိုအခိုက် မြင်းတစ်ကောင်မှာ တံပိုးမှလွတ်မြောက်သွားသွားပြီ လတာပြင်အတွင်းသို့ တစ်ကောင်တည်း လူးကာလွန့်ကာဖြင့် ထွက်သွားလေတော့သည်။ ကျန်တစ်ကောင်မှာ ရထားလုံးတွင် တပ်လျက်သား ကျန်ရစ်ခဲ့သည်။

'ဟေ့ကောင် ... ခု ဘာတွေ ဖြစ်နေပြန်တာလဲကွ'

နယ်ပိုင်ကြီးမှာ စူးရှစွာ အော်ဟစ်မေးလိုက်သည်။

'ဒေါ်ရှာ ... ဒေါ်ရှာ ... ရပ် ဘယ်ကိုတုန်း ကြည့်စမ်း ဒီမြင်းလာလာ ... ဒီကို'

အွန်ဒြာသည် လွတ်သွားသော မြင်းကိုချော့၍ ခေါ်နေသည်။

သို့ရာတွင် သူ့မြင်းမှာ ရေအေးကို ထိတွေ့ရသဖြင့် ထိတ်လန့်နေသည်ဖြစ်ရာ နောက်သို့လှည့်ကာ ကမ်းဘက်ဆီသို့ သတိဝီရိယကြီးစွာဖြင့် ပြန်လျှောက်သွားပြီး သခင်ဖြစ်သူ၏ ချော့မော့ခေါ်သံများကိုပင် ဂရုမပြုနိုင်တော့ဘဲ သခင်၏မြင်ကွင်းမှ ပျောက်ကွယ်သွားတော့သတည်း။

နယ်ပိုင်ကြီးသည် ရထားလုံးအတွင်း၌ ထိတ်လန့်တကြား မတ်တတ်ရပ်လိုက်သည်။ သူ၏ကိုယ်တွင် စိုးရွံ့မှုများဖြင့် ဖုံးလွှမ်းနေသည်။

ထိုအခိုက် အွန်ဒြာသည် ကျန်မြင်းတစ်ကောင်ပေါ်သို့ လျင်မြန်စွာ ခုန်တက်လိုက်ပြီးလျှင် သူ၏မြင်းဒေါ်ရှာ သွားရာလမ်းအတိုင်း မောင်းနှင်သွားပြီး နှုတ်မှလည်း ကျယ်လောင်စွာ အော်၍ ခေါ်နေသည်။

'ဒေါ်ရှာရေ ... နေဦးဟေ့ ... ဒီကိုပြန်လာခဲ့'

'ဟေ့ကောင် နေဦး နေဦး မင်းဘယ်ကိုသွားမလို့လဲ။ ဟဲ့နွားလေးဟဲ့ တိရစ္ဆာန်လေး။ မင်းဘာတွေ လုပ်နေတာလဲ၊ ဟေ့ တောသား နလပိန်းတုံးလေး။ မင်းငါ့အကြောင်း သိစေ့မယ်'

အမှောင်ထုအတွင်းဝယ် သူကျိန်ဆဲနေသော ရထားလုံးမောင်းသမား

mgyoe.com

mgyoe.com


လေးကမှု ကျေနပ်စွာရယ်မောနေလေသည်။

'ဟော့ နွားတိရစ္ဆာန်လေး မင်းငါ့ကို သေတွင်းမှာ ထားခဲ့တော့မယ် ပေါ့လေ။ သားရဲတိရစ္ဆာန်တွေက ငါ့ကိုမျိုဝါးစားသွားရင် ဘယ့်နှယ်လုပ် မလဲ ကောင်လေးရယ်၊ ငါ့ကိုဒီလိုမထားခဲ့ပါနဲ့ တောင်းပန်ပါတယ်'

နယ်ပိုင်ကြီးမှာ တုန်ရီသောအသံဖြင့် တောင်းပန်နေသည်။

'မကြောက်ပါနဲ့ မကြောက်ပါနဲ့ နယ်ပိုင်ကြီးရယ်'

အွန်ဒြာကပြန်၍ အော်ပြောၓ၏။

'ဒီလတာပြင်ထဲမှာ ဘယ်သားရဲတိရစ္ဆာန်မှ မရှိပါဘူး။ အအေးမမိ အောင် နွေးနွေးထွေးထွေးသာနေပါ။ မနက်ဖြန် မနက်စောစော ကျွန်တော် လာခဲ့မယ်။ ရထားလုံးထဲမှာ ကောက်ရိုးတွေရှိတယ်။ အဲဒီအပေါ်မှာ အိပ် ပေါ့၊ တစ်ညတာကျွန်တော့် ရထားလုံးမှာတည်းခိုတဲ့အတွက် ခင်ဗျားဆီက အဖိုးအခ မတောင်းပါဘူး ဟဲ… ဟဲ'

'ကလေးရယ်၊ နောက်မနေစမ်းပါနဲ့ကွယ်'

နယ်ပိုင်ကြီးသည် အားငယ်စွာတောင်းပန် လိုက်ပြန်သည်။

'ငါ့ကို မထားရစ်ခဲ့ပါနဲ့ကွယ်၊ ပြန်လာပါဦး၊ ငါ့ကို ဒီနေရာကခေါ် သွားဖို့ တစ်ခုခုစီစဉ်ပေးပါဦး'

'သိပ်မှောင်နေပါပြီခင်ဗျာ၊ အားကြီးမှောင်နေပါပြီ။ ကျွန်တော်လည်း ဘာကိုမှ သဲသဲကွဲကွဲ မမြင်ရတော့ပါဘူး၊ နောက်ပြီး ကျွန်တော်မြင်းလည်း ထွက်ပြေးသွားပြီ၊ နယ်ပိုင်ကြီးကို ကျွန်တော် ဘယ်လိုလုပ်ပြီး ကူညီနိုင်မှာ လဲ၊ ကျွန်တော် မကူညီနိုင်တော့ဘူး'

နယ်ပိုင်ကြီးသည် သူ့ကိုအမှောင်ထုအတွင်းမှ ပြန်လှန်၍ လှောင် ပြောင်နေသောအသံကို ကြားနေရသည်။

နယ်ပိုင်ကြီးသည် သူရောက်ရှိနေသော အခြေအနေကို ကြောက်လန့် နေ၍လည်းကောင်း၊ စိတ်ခြောက်ခြားဖွယ်ကောင်းသော လတာပြင်၏ အလယ်တွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရသည့်အတွက်ကြောင့်လည်း ကောင်း၊ မျက်ရည်ကျလုမတတ် တောင်းပန်နေၓ၏။

'အွန်ဒြာရေ ပြန်လာပါ၊ တစ်ဆိတ်ကျေးဇူးပြုပြီး ပြန်လာပါကွယ်၊ မင်းကို ငါလိုသလောက်ပေးပါမယ်၊ ဒီဒုက္ခအတွင်းက ငါ့ကိုကူညီပါကွယ်၊

mgyoe.com

mgyoe.com

မင်းမှ မကူညီရင် ဒီမှာတင် ငါသေလိမ့်မယ်၊ ငါ့မှာသားတွေ သမီးတွေနဲ့ပါ ကွယ်၊ ဒီခရစ္စမတ်အခါမှာ ငါ့ကိုသူတို့မျှော်နေကြတယ်၊ မင်းမှာ ကိုယ်ချင်း စာနာတတ်တဲ့ စိတ်နှလုံးမရှိတော့ဘူးလားကွယ်'

သူ၏အသံသည် ကြေကွဲဖွယ်ရာ ထွက်ပေါ်နေ၏။ သူသည် အွန်ဒြာ ထံမှအဖြေကို နားစွင့်သော်လည်း တစ်စုံတစ်ရာမှ ပြန်လည်၍ မကြားရပေ။

နောက်ဆုံးသူသည် မည်သို့မျှတောင်းပန်၍ မရတော့သည့်အဆုံး ပြန်လည်၍ အဖြေမပေးသော အမှောင်ထုအတွင်းမှ ရထားလုံးမောင်းသမားလေး ကို အော်ဟစ် ဆဲရေးတိုင်းထွာလိုက်၏။

'ဟေ့နွားလေး တိရစ္ဆာန်လေး ပြန်လာခဲ့ကွ၊ ငါ့ကိုလာခေါ်လှည့် ... ကိုယ်ချင်းစာတဲ့စိတ် ထားဦးကွ၊ ငါ့မှာကလေးတွေနဲ့ ခရစ္စမတ်ပွဲတော်အချိန် ဖြစ်တယ်ဆိုတာလည်း ... သတိရဦးကွ ခွေးတိရစ္ဆာန်ရ ... ခွေးဝဲစားရ'

နယ်ပိုင်ကြီးသည် ပြန်၍ ထိုင်လိုက်သည်။ သူ၏ အပေါ်အင်္ကျီကြီးကို အအေးဒဏ်မှ လုံခြုံအောင်ပြန်၍ ဆွဲတင်လိုက်သည်။

ထို့နောက်သူသည် ကလေးငယ်တစ်ဦးပမာ ရှိုက်ကြီးတငင်ငိုကြွေး လိုက်လေသတည်း။

သို့ရာတွင် အမှောင်ထုသည် သူ့အား မည်သည့်အဖြေမှ ပြန်လည် မပြောကြားတော့။ မည်သို့မျှလည်း မကူညီတော့၊ မှောင်၍ မဲကာမိုက် နေလေသတည်း။

မိန်(တက္ကသိုလ်)

■

mgyoe.com

mgyoe.com

SWEDEN

Selma Lagerl
(Nobel Prize 1909)
THE LEGEND OF THE CHRISTMAS ROSE

# ခရစ္စမတ်နှင်းဆီ

မိန်(တက္ကသိုလ်)

'ဂိုအမ်' တောနက်ကြီးထဲတွင် တစ်ခုသော ဂူကြီးသည် ရှိ၏။ ထိုဂူကြီးထဲတွင် ဓားပြကြီးမိသားစုတစ်စုသည် နေထိုင်ကြ၏။

တစ်နေ့သ၌ ဓားပြကြီး၏ဇနီးသည်သည် ရွာထဲသို့ဝင်ကာ လှည့်လည်၍ တောင်းရမ်းလေသည်။ သူ၏ယောကျ်ားမှာ ဓားပြကြီးတစ်ဦးဖြစ်သည့်အားလျော်စွာ တောတွင်းမှ အပြင်သို့ မထွက်ရဲပေ။

ဓားပြကြီး၏ဇနီးသည် မိမိကလေး ၅ ယောက်တို့အား တစ်ရပ်မျှရှိသော ဂုံနီအိတ်တစ်လုံးစီကို ပခုံးပေါ်တင်စေလျက် ခေါ်ဆောင်လာခဲ့သည်။

သူတို့ဝင်တောင်းလေသမျှသော အိမ်တိုင်းက သူတို့ကို မငြင်းဆန်ရဲကြပေ။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုကောင်းမွန်စွာ ဆက်ဆံခြင်း မပြုသည့် အိမ်အားညတွင်းချင်း ပြန်လာကာ မီးရှို့ဖျက်ဆီးတတ်သော ကြောင့်ဖြစ်သည်။

ဓားပြကြီး၏ဇနီးသည်နှင့် သူ၏ကလေးများမှာ ဝံပုလွေအုပ်များထက်အဆပေါင်းများစွာ ဆိုးသွမ်းကြသည်။ လူတိုင်းက လူတို့ကိုလုံဖြင့်ထိုးသတ်ရန် စိတ်ဆန္ဒရှိကြသည်။

သို့သော် သူတို့အားလုံး ထိုအကြံအစည်ကို အထမမြောက်ကြပေ။

mgyoe.com

mgyoe.com


အဘယ်ကြောင့်ဆိုသော် တောတွင်းတွင် ခိုအောင်းနေသော ဓားပြကြီးသည် အကယ်၍သူ့သားသမီးနှင့် ဇနီးသည်တို့အား နစ်နာထိခိုက်အောင် ပြုလုပ်ပါလျှင် အဘယ်ကဲ့သို့ အမျက်ဒေါသ ချောင်းချောင်းထွက်ကာတုံ့ပြန်တတ်သည်ကို သိထားကြသောကြောင့်ဖြစ်သည်။

ဓားပြကြီး၏ဇနီးသည်သည်တစ်အိမ်ပြီးတစ်အိမ် ဝင်ရောက်တောင်းရမ်းခဲ့ရာမှ 'အိုဗစ်' ဘုန်းတော်ကြီးကျောင်းသို့ ရောက်လာခဲ့လေသည်။

သူသည် ကျောင်းတံခါးဝတွင်ရှိသော ခေါင်းလောင်းကိုတီး၍ အစာတောင်းလိုက်သည်။

တံခါးစောင့်သည် မလွယ်ပေါက်ကလေးကိုဖွင့်ကာ ပေါင်မုန့်ခြောက်လုံးကို လှမ်း၍ပေးလိုက်သည်။

ပေါင်မုန့်တစ်လုံးမှာ မိန်းမကြီးအတွက် ဖြစ်ပြီး ကျန်ငါးလုံးမှာ သူ၏ကလေးငါးယောက် အတွက်ဖြစ်သည်။

မိန်းမကြီးသည် တံခါးဝတွင် ငြိမ်သက်စွာ စောင့်နေခဲ့စဉ်က သူ၏ကလေးများမှာ နေရာအနှံ့အပြား ပြေးလွှားနေကြသည်။

ပေါင်မုန့်များ ပေးလိုက်သည့်အချိန်တွင် ကလေးတစ်ယောက်သည် မိန်းမကြီး၏ ဂါဝန်စကိုလာ၍ ဆွဲသည်။ သူသည် တစ်စုံတစ်ခုကို တွေ့ခဲ့သဖြင့် ထိုတစ်စုံတစ်ခုကို အမေဖြစ်သူကြည့်ရှုလိုသော သဘောပင်ဖြစ်သည်။

မိန်းမကြီးသည် ကလေးခေါ်ရာနောက်သို့ ချက်ချင်းပင်လိုက်သွားလေသည်။

ဘုန်းကြီးကျောင်းတစ်ခုလုံးသည် မြင့်မားခိုင်မာသော နံရံများဖြင့် ဝိုင်းပတ်၍ ကာရံထားသည်။ ကလေးငယ်သည် ကျောင်း၏ဘေးရှိ ဟနေသော တံခါးတစ်ခုကို တွေ့ရှိခဲ့သည်။ မိန်းမကြီးသည် ထိုနေရာသို့ရောက်လျှင် တံခါးကိုအသာတွန်းဖွင့်ကာ သူ၏အကျင့်အတိုင်း အခွင့်မတောင်းဘဲ အတွင်းသို့ဝင်လိုက်သည်။

'အိုဗစ်'ဘုန်းတော်ကြီးကျောင်းမှာ ထိုအချိန်က ဘုန်းတော်ကြီး 'ဟာန်' ကျောင်းထိုင်နေချိန်ဖြစ်သည်။

ဘုန်းတော်ကြီး 'ဟာန်'မှာ ဆေးပင်ဝါးပင်များ အကြောင်းကို ကောင်း

mgyoe.com

mgyoe.com


မွန်စွာ နားလည်သော ဆရာတော်တစ်ပါးဖြစ်သည်။

ကျောင်းဝိုင်းအတွင်း၌ ဆေးဝါးပင်များ စိုက်ပျိုးထားသော ဥယျာဉ်ကလေးတစ်ခုရှိသည်။ ထိုဆေးဝါးခင်းသို့ မိန်းမကြီးဝင်သွား နေရခြင်းဖြစ်သည်။

ထိုဆေးခင်းကို တွေ့လျှင်တွေ့ခြင်း မိန်းမကြီးမှာ လွန်စွာမှပင် အံ့ဩ၍သွားပြီး တံခါးဝတွင် ခေတ္တရပ်၍ ငေးကြည့်နေမိသည်။

အဘယ်ကြောင့်ဆိုသော် ထိုမျှပြင်းထန်လှသော ဆောင်းရာသီအလည်တွင် ဘုန်းတော်ကြီး'ဟန်'၏ ဥယျာဉ်ကလေးမှာ နီ၊ဝါ၊ပြာရောင်စုံရောသည့် ပန်းများလှပစွာ ဖူးပွင့်နေကြသောကြောင့် ဖြစ်သည်။

ထိုပန်းခင်းကို ကြည့်လိုက်ရုံမျှဖြင့် မျက်စေ့များပင် ဝေ၍သွားပေမည်။

မိန်းမကြီး၏ မျက်နှာပေါ်တွင် ပြုံးရောင်သန်းလာသည်။ ထို့နောက် သူသည် ပန်းခင်းအကြားရှိ လမ်းကလေးအတိုင်း လျှောက်သွားနေသည်။

ထိုပန်းဥယျာဉ်ထဲတွင်ကား ပေါင်းရှင်းနေသော ကပ္ပိယတစ်ယောက်ရှိသည်။

ပေါင်းပင်များကို ကျောင်းဝင်း၏ အပြင်ဘက်တွင်ရှိသော အမှိုက်ပုံးကြီးဆီသို့ စွန့်ပစ်ရန်အတွက် ထိုကပ္ပိယကြီးသည် နောက်ဖေးမလွယ်တံခါးပေါက်ကို ဖွင့်ထားခဲ့ခြင်း ဖြစ်လေသည်။

ကပ္ပိယကြီးသည် မိန်းမကြီးနှင့်ကလေးများ တန်းစီ၍လာနေကြသည်ကို တွေ့လျှင်တွေ့ချင်း သူတို့ရှိရာသို့ ပြေးသွားပြီးလျှင် မောင်းထုတ်လိုက်လေသည်။

သို့သော် ထိုသူတောင်းစား မိန်းမကြီးသည် သူသွားမြဲအတိုင်း ဂရုမပြုဘဲ ဆက်လက်၍လျှောက်သွားလေသည်။

ထိုခေါင်းမာလှသော မိန်းမကြီးကို တားဆီးရန် ကပ္ပိယကြီးတစ်ဦးတည်း မတတ်နိုင်ပေ။

ထိုကြောင့် ကပ္ပိယကြီးအဖို့ ကျောင်းတွင်းသို့ ပြေးဝင်သွားပြီး အကူအညီခေါ်၍ ထိုမိန်းမကြီးကို မောင်းထုတ်ရန်မှတစ်ပါး အခြားနည်းလမ်းမရှိကြောင်းသိသဖြင့် သူသည်ကျောင်းတွင်းသို့ ပြေးဝင်သွားပေသည်။

ကပ္ပိယကြီးသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော ရဟန်းနှစ်ပါးကို ခေါ်

mgyoe.com

mgyoe.com


၍ ပြန်ထွက်လာသည်။

မိန်းမကြီးသည် ထိုအချင်းအရာကို တွေ့မြင်လိုက်သည့်အခါ သူလုပ်ရမည့် လုပ်ငန်းကို နားလည်လိုက်သည်။

သူသည် ကြောက်စရာကောင်းလောက်အောင် အော်ဟစ်ကြိမ်းဝါးပြီးလျှင် ဘုန်းကြီးနှစ်ပါးပေါ်သို့ ခုန်အုပ်လိုက်ပြီး ကုတ်ဖဲ့ကုတ်ဆွဲကာ သတ်ပုတ်လေတော့သည်။

သူ၏ကလေးများကလည်း ထိုသတ်ပုတ်ပွဲကို ပါဝင်ဆင်နွှဲကြလေသတည်း။

ဘုန်းကြီးနှစ်ပါးနှင့် ကပ္ပိယကြီးတို့သည် ထိုမိန်းမကြီးနှင့် ကလေးများကို မနိုင်မနင်းနိုင်မှန်း ထိုအခါကျမှပင် သိရှိနားလည်ကြတော့သည်။

သူတို့အဖို့ တတ်နိုင်ကြတော့သည်မှာ ကျောင်းအတွင်းသို့ ပြန်ပြေးဝင်ပြီး လူအင်အားထပ်၍ ဖြည့်စွက်ရန်သာ ရှိတော့၏။

သူတို့တစ်တွေမှာ ကျောင်းထဲသို့ ဝင်သောလမ်းကလေးအတိုင်း ပြေးဝင်သွားကြလေရာ ဘုန်းတော်ကြီးဟန်နှင့် ပက်ပင်းပါတိုးမိကြလေတော့သည်။

ဘုန်းတော်ကြီးဟန်မှာ အပြင်ဘက်မှ ဆူညံနေကြသောအသံဗလံများကို သိလိုသောဇောဖြင့် အပြင်ဘက်သို့ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

ဘုန်းတော်ကြီးဟန်က သူတို့တစ်တွေကို ထိုကဲ့သို့ အဓမ္မနှင့်ထုတ်သတ်ပုတ်ကြခြင်း မပြုရန်တားမြစ်လိုက်သည်။

နောက်ထပ် အကူအညီခေါ်၍ တိုက်ခိုက်ရန်ကိုလည်း ပိတ်ပင်လိုက်သည်။ ရဟန်းနှစ်ပါးကိုလည်း သူတို့အလုပ်ခွင်သို့ အေးအေးဆေးဆေးပြန်လှည့်ကြရန် အမိန့်ပေးလိုက်သည်။

ဘုန်းတော်ကြီးဟန်မှာ အသက်ကြီးပြီး အိုမင်းမစွမ်းဖြစ်ကာ သန်သန်မာမာ မဟုတ်သော်လည်း သူသည်ကြောက်ရွံ့စိုးရိမ်စိတ်မရှိဘဲ ကပ္ပိယတစ်ဦးထဲကိုသာခေါ်၍ မိန်းမကြီးရှိရာသို့ သွားလေသည်။

ဘုန်းတော်ကြီးဟန်သည် မိန်းမကြီးရှိရာသို့ ရောက်လျှင်အေးဆေးသိမ်မွေ့သောအသံဖြင့် သူ၏ပန်းဥယျာဉ်ကို သဘောကြပါ၏လားဟု မေးလိုက်သည်။

mgyoe.com

mgyoe.com


မိန်းမကြီးသည် အငိုက်မိကာ လုပ်ကြံသမျှခံရမည်ကို စိုးရိမ်သောကြောင့် ဘုန်းတော်ကြီးဟန်ကိုပင် ပမာမခန့်ပြုလုပ်သေး၏။

သို့သော် ဘုန်းတော်ကြီး၏ ဖြူဖွေးသောဆံပင်များနှင့် ကုန်းညွတ်နေသောခါးကို သတိပြုမိသည့်အခါတွင်မှ အေးဆေးစွာ စကားပြန်၍ပြောသည်။

'တပည့်တော်မ ဒီဥယျာဉ်ကိုစပြီး မြင်မြင်ချင်းတော့ ဒီထက်ပိုပြီးလှပတဲ့ ဥယျာဉ်မျိုးကို တစ်ခါမျှမတွေ့မြင်ဖူးခဲ့ဘူးလို့ အောက်မေ့မိပါတယ်ဘုရား ...'

'ဒါပေမဲ့ တပည့်တော်မသည် ဥယျာဉ်ကိုသေသေချာချာ တွေ့မြင်ရသည့်အခါမှာတော့ အရင်ကတပည့်တော်တွေ့ခဲ့ဖူးတဲ့ ဥယျာဉ်တစ်ခုနဲ့ နှိုင်းယှဉ်လို့ကို မမီနိုင်ဘူးလို့ ထင်မိပါတယ်ဘုရား ...'

'တကယ်လို့ အရှင်ဘုရားသာ တပည့်တော်မပြန်စဉ်းစား ကြည့်နေသည့်ဥယျာဉ်ကို သာတွေ့ခဲ့လို့ရှိရင် အရှင်ဘုရားစိုက်ပျိုးတသခဲ့သည့် ဟောဒီပန်းပင်တွေကို အမြစ်ပါမကျန်အောင် ဆွဲနုတ်ပြီး လွှတ်ပစ်မိမှာ အမှန်ပါပဲဘုရား'

ကပ္ပိယကြီးသည် ထိုဥယျာဉ်ရှိ ပန်းများအတွက် ဂုဏ်ယူဝင့်ကြွားခဲ့သည့်နေရာတွင် ဘုန်းတော်ကြီးဟန်ထက် မနိမ့်ကျသည့်အလျှောက်၊ ထိုမိန်းမကြီး၏ မှတ်ချက်ချပြောဆိုခြင်းကို သရော်၍ ရယ်လိုက်လေသည်။

မိန်းမကြီးသည် သူ့စကားကိုမယုံသလို အရယ်ခံလိုက်ရသဖြင့် မျက်နှာတစ်ခုလုံး နီရဲသွားလောက်အောင် ဒေါသဖြစ်ကာ အော်၍ပြောလိုက်သည်။

'သန့်ရှင်းစင်ကြယ်တဲ့ အရှင်ဘုရားတို့ဟာ ခရစ္စမတ်အကြိုနေ့တိုင်းမှာ သခင်ခရစ်တော်၏ မွေးနေ့အထိမ်းအမှတ်ကို အလေးအမြတ်ပြုတဲ့သဘောနဲ့ ဂိုဟာမ်တောကြီးတစ်တောလုံးဟာ အလွန်လှပတင့်တယ်တဲ့ ဥယျာဉ်အသွင် ပြောင်းလဲသွားတယ်ဆိုတာကို တကယ်ဆိုရင် သိဖို့ကောင်းပါတယ်'

'တပည့်တော်မတို့လို တောထဲမှာနေရတဲ့ လူတွေကတော့ နှစ်စဉ်နှစ်တိုင်းပဲ အဲဒီလိုပြောင်းလဲသွားတာကို တွေ့မြင်နေရတယ်'

mgyoe.com

mgyoe.com

'အဲဒီဥယျာဉ်ကြီးထဲမှာ အလွန်လှပပြီး ရှုချင်စဖွယ်ကောင်းလှတဲ့ မာလာတွေကို တွေ့မြင်ရှုစားရတဲ့အခါများ လက်နဲ့မထိရက် မတို့ရက် အောင်တောင်ဖြစ်မိပါတယ် ဘုရား ...'

ခရစ္စမတ် အကြိုနေ့တိုင်းတွင် 'ဂိုအမ်' တောကြီးတစ်တောလုံးသည် ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံအောင် နတ်ဒေဝတာများက တန်ဆာ ဆင်ထားတတ်သည်ဟု ဘုန်းတော်ကြီးဟန်သည် ငယ်စဉ်ကပင် ကြားဖူး နားဝရှိခဲ့သည်။

ဘုန်းတော်ကြီးဟန်မှာ ထိုနတ်ကောင်းနတ်မြတ်များ ဖန်ဆင်းထားသည့် ဥယျာဉ်ကြီးကို ကြည့်ရှုနိုင်ခွင့်ရရန် အခွင့်အရေးကို စောင့်မျှော်ခဲ့သည်။ သို့သော် ထိုအခွင့်အရေးကို တစ်ခါမျှမရခဲ့ရှာပေ။

ဘုန်းတော်ကြီးသည် ခရစ္စမတ်အကြိုနေ့တွင် ဓားပြကြီးမိသားစု နေထိုင်သောနေရာသို့ လာလည်လိုသည့် အကြောင်းကို စိတ်အားထက်သန်စွာဖြင့် ပြောဆိုလေသည်။

အကယ်၍ ဓားပြကြီး၏ဇနီးသည်သည် ကလေးတစ်ယောက်ယောက်ကို သူ့ဆီသို့စေလွှတ်ပြီး လမ်းပြပေးပါက သူသည် မြင်းစီး၍လာမည် ဖြစ်ကြောင်းကို ပြောဆိုလေသည်။

နောင်တွင်လည်း ထိုကလေးများကို သူ့တွင်ရှိသော အခွင့်အာဏာဖြင့် တတ်နိုင်သလောက် ကြည့်ရှုစောင့်ရှောက်ပါမည်ဟု ကတိပေးလေသည်။

ဓားပြကြီး၏ဇနီးသည်က အစဦး၌ ငြင်းသေးသည်။ အကြောင်းမှာ သူ၏ယောကျ်ားဖြစ်သူ ဓားပြကြီးအတွက် တွေးပူမိခြင်းကြောင့်ဖြစ်သည်။

အကယ်၍ သူသည် ဘုန်းတော်ကြီးဟန်ကို သူ့တို့နေထိုင်ရာဂူသို့ လာခွင့်ပြုလိုက်ပါက သူ့ယောကျ်ားဖြစ်သူဓားပြကြီးအတွက် အန္တရာယ်ရှိ လိမ့်မည်ဟု ထင်သောကြောင့် ဖြစ်သည်။

သို့သော် တစ်ချိန်ထဲ၌ပင် သူတွေ့မြင်ခဲ့ရသော ပန်းဥယျာဉ်ကြီးသည် ဘုန်းတော်ကြီးဟန်၏ ပန်းဥယျာဉ်ထက် အဆပေါင်း မြောက်မြားစွာ အလှသာကြောင်းကိုလည်း သက်သေအဖြစ် ပြသလိုသောဆန္ဒက သူ့စိတ်ထဲတွင် တဖွားဖွား ပေါ်နေသည်။

mgyoe.com

mgyoe.com


ထို့ကြောင့် သူသည် ဘုန်းတော်ကြီး၏ တောင်းဆိုချက်ကို သဘောတူလိုက်သည်။

'ဒါပေမဲ့ အရှင်ဘုရားဟာ နောက်လိုက်တစ်ဦးထက် ပိုပြီးမခေါ်လာခဲ့ပါနဲ့ ဘုရား၊ အရှင်ဘုရားဟာ တပည့်တော်တို့ကို လမ်းကစောင့်ပြီး တိုက်ခိုက်တာမျိုးတို့၊ ထောင်ဖမ်းတာမျိုးတို့ကို မလုပ်ပါနဲ့ ဘုရား၊ ဒီအတွက်ကို အရှင်ဘုရားဟာ သန့်ရှင်းစင်ကြယ်တယ်၊ သူတော်သူမြတ်ဖြစ်တဲ့အတိုင်း သန့်သန့်ရှင်းရှင်း ကတိပေးအာမခံပါ ဘုရား ...'

ထိုကဲ့သို့ မိန်းမကြီးက တောင်းဆိုလိုက်သည်။ သူ၏တောင်းဆိုချက်ကို ဘုန်းတော်ကြီးက ကတိပေးလိုက်သည်။ ထို့နောက် ဓားပြကြီး၏ ဇနီးသည် ကလေးများနှင့်အတူ ပြန်လည်၍ ထွက်ခွာသွားလေသတည်း။

ထိုနေ့သည်ကား 'လန်း' မြို့မှ ဂိုဏ်းချုပ်ဘုန်းတော်ကြီးဖြစ်သော 'အက်စလွန်း' သည် အိုဗစ်သို့လာ၍ တစ်ညတည်းခိုသော အချိန်ဖြစ်လေသည်။ ဘုန်းတော်ကြီးဟာန်သည် တောနက်ကြီးထဲတွင်ရှိသော ဓားပြကြီး၏ အကြောင်းနှင့်ပတ်သတ်၍ ဂိုဏ်းချုပ်ဘုန်းတော်ကြီး 'အက်စလွန်း' ကို လျှောက်ထားနေသည်။ ဤသည်တို့ကို ကပ္ပိယကြီးက အားလုံးကြားနေရသည်။

ဘုန်းတော်ကြီးဟာန်က ဓားပြကြီး၏ဘဝကို ပြန်လည်၍ မှန်ကန်သောဘဝသို့ ပို့ဆောင်ပေးကာ ရိုးသားသော အခြားလူတွေထဲတွင် နေထိုင်နိုင်စေရန်အတွက် အပြစ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်စာကို ဂိုဏ်းချုပ်ဘုန်းတော်ကြီးထံမှ တောင်းဆိုလိုက်လေသည်။

ရွာထဲရှိရိုးသားသော လူတွေကြားတွင် ထိုလူဆိုးဓားပြကြီးကို အပြစ်လွတ်ကာ နေထိုင်စေခြင်းကို ဂိုဏ်းချုပ်ဘုန်းတော်ကြီးက သဘောမတူ၊ သူတို့ဘာသာသူတို့ တောထဲတွင် သီးခြားနေထိုင်ခြင်းသည် အကောင်းဆုံးပဲဟုဆိုသည်။

ထို့နောက် ဆက်လက်၍ ဘုန်းတော်ကြီးဟာန်က 'ဂိုအမ်'တောကြီး အကြောင်းကို ဂိုဏ်းချုပ်ဘုန်းတော်ကြီးကို စိတ်အားထက်သန်စွာဖြင့် ပြောပြလေသည်။

နှစ်စဉ်နှစ်တိုင်း နာတာလူးပွဲတော်နေ့တွင် 'ဂိုအမ်'တောကြီးတစ်ခုလုံး

mgyoe.com

mgyoe.com


သည် အမျိုးမျိုးသောပန်းတို့သည် ဝေဝေဆာဆာဖြင့် ပွင့်ပြီး ဓားပြဂူကြီး၏ ပတ်ဝန်းကျင်ကိုလည်း လွှမ်းခြုံ၍ ထားသည်ဟု ပြောပြလေသည်။

ဒီသူပုန်ဓားပြတွေဟာ သိပ်မဆိုးသွမ်းကြလို့သာ ဘုရားသခင်ရဲ့ ဘုန်းတန်ခိုးအာနုဘော်တွေကို သူတို့ကို ထင်ရှားစွာတွေ့ရတာပဲ၊ ဒီတော့ကာ တပည့်တော်တို့ကလည်း ဘုရားသခင်ရဲ့ အလိုတော်ကျအတိုင်း သူတို့ကို ပေးသနားဖို့ရန် ဝန်လေးနေဖို့ မသင့်ပါဘူးဘုရား'

ထိုကဲ့သို့ ဘုန်းတော်ကြီးဟန်က ဂိုဏ်းချုပ်ဘုန်းတော်ကြီးကို လျှောက်ထားလိုက်သည်။

ဂိုဏ်းချုပ်ဘုန်းတော်ကြီးသည် ထိုစကားကို မည်သို့ပြန်၍ဖြေကြားရမည်ကို ကောင်းစွာနားလည်သည်။

'ကိုယ်တော်ကို ကတိတစ်ခုတော့ ပေးနိုင်တယ်၊ ဒီကတိကတော့ ဘယ်နေ့မှာပဲ ဘယ်အချိန်မှာပဲ ဖြစ်ဖြစ်ပေါ့လေ ... ကိုယ်တော်က ဂိုအမ်တောထဲမှာပေါ်ပေါက်လာတယ်ဆိုတဲ့ ဥယျာဉ်ထဲက ပန်းတစ်ပွင့်ကို ပေးဖို့နိုင်ခဲ့ရင် သူပုန်တွေအားလုံးထဲ ကိုယ်တော်ရွေးပြီး တောင်းလျှောက်ပါ ... လွတ်ငြိမ်းချမ်းသာခွင့်အမိန့်စာကို တစ်ခါတည်း ကိုယ်တော်ကိုပေးလိုက်ပါမယ်ဗျာ'

ဂိုဏ်းချုပ်ဘုန်းတော်ကြီးက ရယ်ရယ်မောမောဖြင့် ကတိပေးပြောဆိုလိုက်လေသတည်း။

ဘုန်းတော်ကြီးဟန်သည် ခရစ္စမတ် အကြိုနေ့တွင်ကား ဂိုအမ်တောကြီးဆီသို့ ခရီးနှင်နေလေသည်။

ဓားပြကြီး၏ ရိုင်းစိုင်းလှသော ကလေးတစ်ယောက်က ဘုန်းတော်ကြီး၏ရှေ့မှ ပြေးသွားလျက် လမ်းပြ၍ပေး၏။ ဘုန်းတော်ကြီး၏ နောက်တွင် ကပ္ပိယကြီးတစ်ဦးတည်းသာပါလာသည်။

ထိုလမ်းခရီးမှာ အလွန်ဝေးလံလှပြီးလျှင် ဘေးအန္တရာယ်လည်း အလွန်များလှသည်။

သူတို့သည် မတ်စောက်သော တောင်များကိုလည်း တက်ရသည်။ ခြေချော်ကျတတ်သော တောင်ကမ်းပါးယံလမ်းများမှလည်း သွားရသည်။ ရွှံ့နွံနှင့်ဗွက်ကြီးများကိုလည်း ခက်ခက်ခဲခဲဖြင့် ဖြတ်ကျော်၍သွားခဲ့ရလေသည်။

mgyoe.com

mgyoe.com


သူတို့သည် သစ်ပင်သစ်ရွက် ချုံနွယ်ပိတ်ပေါင်းများကိုလည်း ဖယ်ရှား၍ သွားခဲ့ရလေသည်။

နေညိုအားသည့်အချိန်တွင် ကောင်လေးသည် သူတို့ကို မြက်ခင်းပြင်ကြီးတစ်ခုကို ဖြတ်၍ ခေါ်သွားသည်။

ထိုမြက်ခင်းပြင်ကြီးကို အရွက်မရှိသော ထင်းရှူးပင်ရှည်ကြီးများက ဝိုင်းရံ၍ထားသည်။

ထိုမြက်ခင်းပြင်ကြီး၏ အဆုံးတွင်မှ တောင်နံရံကြီးတစ်ခုကို တွေ့ရသည်။ ထိုတောင်ကမ်းပါးယံကြီးတွင် ထူထပ်ခိုင်မာသော သစ်သားများဖြင့် ပြုလုပ်ထားသော တံခါးကြီးတစ်ခုကို တွေ့ရသည်။

ထိုအခါကျမှပင် ဘုန်းတော်ကြီးဟန်သည် သူတို့လာရသော ခရီးရောက်ပြီဟု နားလည်လိုက်ကာ မြင်းပေါ်မှဆင်းလိုက်တော့သည်။

ကောင်လေးက လေးလံလှသော တံခါးကြီးကို ဖွင့်ပေးလိုက်သည်။

ဘုန်းတော်ကြီးဟန်က ကျောက်တုံးနံရံများဖြင့် တည်ဆောက်ထားသော လိုဏ်ခေါင်းကလေးကို ကြည့်လိုက်သည်။

ဂူအလည်လောက်တွင်ရှိသော မီးဖိုတွင်ဓားပြကြီး၏ ဇနီးသည် ထိုင်၍ မီးလှုံနေသည်ကို တွေ့ရသည်။

နံရံနှင့် ထင်းရှူးပင်လုံးများဖြင့် ပြုလုပ်ထားသော အိပ်ရာများကို တွေ့ရသည်။ အိပ်ရာတစ်ခုပေါ်တွင် ဓားပြကြီးသည် လဲလျောင်းလျက် အိပ်ပျော်နေသည်ကို တွေ့ရသည်။

'အထဲကိုကြွပါလာခဲ့ပါ အရှင်ဘုရား'

ဓားပြကြီး၏ဇနီးသည်က ထိုင်နေရာမှလှမ်း၍ ပြောလိုက်သည်။

'ဒီညကသိပ်အေးတာဆိုတော့ မြင်းလည်းဒုက္ခမရောက်အောင် အထဲကို သွင်းခဲ့ပါဘုရား'

သူသည်ထိုင်ရာမှပင် မထဘဲ လှမ်း၍ပြောလိုက်ပြန်သည်။

ဘုန်းတော်ကြီးဟန်သည် ရဲဝံ့စွာပင် ဂူအတွင်းသို့ ဝင်သွားလေသည်။

ကပ္ပိယကြီးကလည်း သူ့နောက်မှ ကပ်၍လိုက်သွားလေသည်။ ထိုနေရာသည် ဆင်းရဲကျပ်တည်း မွဲတေလွန်းလှသဖြင့် ခရစ္စမတ်ပွဲတော်အတွက် ဘာမျှဆင်ယင် ပြင်ဆင်ထားခြင်းမရှိပေ။

mgyoe.com

mgyoe.com


'ဒီမိုးဖိုဘေးနားမှာထိုင်ပြီး မီးလှုံပါ။ အရှင်ဘုရားမှာ စားစရာ သောက်စရာတွေ ပါလာရင်တော့ စားပါ။ တပည့်တော်မတို့မှာတော့ တောထဲက အစားအစာပဲရှိတယ်။ တပည့်တော်မတို့ရဲ့ တောထဲက အစာမျိုးကိုတော့ အရှင်ဘုရားကို ကပ်လှူရင် မြည်းတောင်ကြည့်ချင်မှာ မဟုတ်ပါဘူး ဘုရား'

'အရှင်ဘုရား ခရီးအဝေးကြီးကလာရလို့ ခရီးပန်းနေတယ်ဆိုရင်လည်း ဟိုဘက်က ခုတင်တစ်ခုခုပေါ်မှာ တုံးလုံးလှဲနေနိုင်ပါသည်။

အရှင်ဘုရားအချိန်လွန်သွားအောင် အိပ်မိမှာကိုတော့ မစိုးရိမ်ပါနဲ့၊ တပည့်တော် ဒီမီးပုံဘေးမှာ မီးလှူရင်းစောင့်နေပါ့မယ်။ အချိန်ကျတဲ့အခါကျရင် အရှင်ဘုရား ကြည့်လိုမြင်လိုတဲ့ အရာကိုကြည့်နိုင်အောင် တပည့်တော်နှိုးပါမယ်'

ဓားပြကြီး၏ဇနီးသည် ကုံလုံကြွယ်ဝသော လယ်သူမတစ်ယောက်၏ ဟန်ပန်လေသံမျိုးဖြင့် အမိန့်သံပါပါပြောလိုက်လေသည်။

ဘုန်းတော်ကြီးဟန်သည် ဓားပြကြီး၏ ဇနီး၏စကားကို လိုက်နာသောအားဖြင့် အစားအစာများ ထည့်ယူလာသော အိတ်ကလေးကို ထည့်ယူလိုက်သည်။

ဘုန်းတော်ကြီးမှာ ခရီးပန်းလွန်းသဖြင့် အစာကောင်းစွာစား၍ မဝင်ပေ။ သူသည်ခေတ္တတုံးလုံး လှဲလိုက်ရာမှ အိပ်ပျော်၍သွားလေသည်။

ကပ္ပိယကြီးသည်လည်း ခုတင်ပေါ်တွင် အနားယူရန်လှဲရာမှ အိပ်ပျော်၍သွားလေသည်။

ကပ္ပိယကြီး အိပ်ရာမှနိုးသည့်အခါတွင် စကားလက်ဆုံကျနေသော ဘုန်းတော်ကြီးနှင့် ဓားပြကြီး၏ဇနီးကိုတွေ့ရသည်။ ဓားပြကြီးသည်လည်း မီးဖိုဘေးတွင် ထိုင်နေသည်ကိုတွေ့ရသည်။

ဓားပြကြီးမှာ အရပ်ရှည်၍ အရိုးအဆစ်ကြီးကာ ပျင်းရိလေးကန်ထိုင်းမှိုင်းသော အသွင်သဏ္ဌာန်မျိုး ဖြစ်သည်။ သူသည် ဘုန်းတော်ကြီးဟန်ကို ကျောပေးလျက် ထိုင်နေသည်။ သူသည် ဘုန်းတော်ကြီး၏စကားများကို ဂရုမစိုက်နားမထောင်သလို ထိုင်၍နေခြင်းဖြစ်သည်။

ဘုန်းတော်ကြီးဟန်က သူလမ်းခရီးတစ်လျှောက်လုံးတွင် တွေ့ခဲ့ရသော ခရစ္စမတ်ပွဲတော်အတွက် ပြင်ဆင်ခင်းကျင်းပုံတွေကို ပြောပြနေလေသည်။

mgyoe.com

mgyoe.com


ထိုသို့ပြောပြနေခြင်းအားဖြင့် ဓားပြကြီး၏ဇနီးသည်ကို သူငယ်စဉ်က အခြားလူကောင်း သူကောင်းများနှင့် အေးချမ်းစွာနေထိုင်ခဲ့စဉ်က ခရစ္စမတ် ပျော်ပွဲရွှင်ပွဲများ၊ စားသောက်ပွဲများကို သတိရစေလေသည်။

အစတွင် မိန်းမကြီးသည် စကားကို တိုတိုတောင်းတောင်း ကြမ်းကြမ်း တမ်းတမ်းပင် ပြောသေးသည်။ သို့သော် နောက်ပိုင်းတွင်ကား တဖြည်း ဖြည်းခက်ထန်မှုများ လျော့နည်းလာကာ သေချာဂရုစိုက်ကာ နားထောင် လာသည်။

ထိုအခါဘေးမှ နားထောင်နေသော ဓားပြကြီးသည် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ ဘုန်းတော်ကြီး၏ မျက်နှာကိုရွယ်လိုက်သည်။

'အရှင်ဘုရားဟာ အင်မတန်အသုံးမကျတဲ့ ဘုန်းကြီးပဲ၊ တပည့်တော် ရဲ့ သားသမီးနဲ့ မိန်းမတွေကို ဘာပြုလို့လာပြီးတော့ သွေးဆောင်နေတာလဲ၊ တပည့်တော်တို့ဟာ တောပုန်းဓားပြတွေဖြစ်တယ်၊ တောထဲကစွာလို့ မဖြစ် ဘူးဆိုတာ အရှင်ဘုရားမသိဘူးလား ...'

ဘုန်းတော်ကြီးဟန်သည် ကြောက်ရွံ့ခြင်းကင်းမဲ့စွာဖြင့် ဓားပြကြီးကို ပြန်၍ကြည့်လိုက်သည်။

'ငါ့ရည်ရွယ်ချက်ကတော့ မင်းတို့အတွက် ဂိုဏ်းချုပ်ကြီးဆီက လွတ် ငြိမ်းချမ်းသာခွင့်အမိန့်စာကို မင်းတို့ကို ယူပေးဖို့ရည်ရွယ်တာပဲ'

ဘုန်းတော်ကြီး၏စကားမဆုံးမီမှာပင် ဓားပြကြီးတို့ဇနီးမောင်နှံက ဟားတိုက်၍ ရယ်မောလိုက်ကြသည်။

သူတို့သည် ဂိုဏ်းချုပ်ဘုန်းတော်ကြီး 'အက်စလွန်း' ထံမှ သူတို့လို တောပုန်းဓားပြတစ်ယောက် သနားကြင်နာမှုကို မျှော်လင့်၍ မရနိုင်မှန်း ကောင်းစွာသိကြသည်။

'တကယ်လို့ ဂိုဏ်းချုပ်ကြီး'အက်စလွန်း' ထံက လွတ်ငြိမ်းချမ်းသာခွင့် အမိန့်စာသာရခဲ့ရင် ကျွန်တော် နောက်ထပ်ဘယ်တော့မှ ခိုးဝှက်တိုက်ခိုက် ခြင်း မပြုတော့ပါဘူးလို့ ကတိပေးပါတယ်'

ထိုစဉ် ဓားပြကြီး၏ဇနီးသည် နေရာမှရုတ်တရက် ထရပ်လိုက်ကာ

'အရှင်ဘုရားလည်း ဒီမှာထိုင်ပြီး စကားပြောနေလိုက်တာ တောထဲကို ကြည့်ဖို့တောင်မေ့နေတယ်၊ ခုတပည့်တော် ဒီလိုဏ်ဂူထဲကတောင်မှ

mgyoe.com

mgyoe.com


ခရစ္စမတ် ခေါင်းလောင်းတွေ တီးနေတာကြားနေရတယ်'

ထိုစကားကို မိန်းမကြီးကပြောလိုက်ရရုံသာ ရှိသေးသည်၊ သူတို့အားလုံးသည် နေရာမှ အလျင်အမြန်ထကာ အပြင်ဘက်သို့ ပြေးထွက်သွားကြလေသည်။

သို့သော် တောကြီးတစ်ခုလုံးမှာ အလွန်အေးလှသော ဆောင်းအသွင်ဖြင့် မည်းမှောင်လျက်ပင်ရှိသေးသည်။ တစ်ခုတည်းသော သူတို့သိရှိခံစားလိုက်မိသည်က တသုန်သုန် တိုက်ခက်လာသော တောင်လေဖြင့် မျောပါလာသည့် သံကြိုးချင်းရိုက်ခတ်သံမျိုးပင်ဖြစ်သည်။

ခေတ္တအကြာတွင် ခေါင်းလောင်းထိုးသံများကို ကြားလိုက်ပြီးလျှင် တစ်တောလုံး အလင်းရောင်ထုကြီးဖြင့် ဖုံးလွှမ်း၍သွားလေသည်။

ထို့နောက်တစ်ဖန် တောကြီးတစ်ခုလုံသည် မှောင်အတိပြန် ပြန်ကျ၍ သွားတော့သည်။ တစ်ဖန်ပြန်၍ လင်းလာပြန်သည်။

အလင်းရောင်သည် တောက်ပနေသော နှင်းပွင်းများကဲ့သို့ တောင့်တင်းတုတ်ခိုင်သော သစ်ပင်များကြားမှ တိုးထွက်လာလေသည်။

အမှောင်ထုသည် နံနက်ခင်း၏ လင်းအရုဏ်၏ကြားသို့ ရောထွေးနစ်မြုပ်၍ သွားလေသည်။

တစ်စုံတစ်ယောက်သည် ဖြန့်ခင်းထားသော ကော်ဇောကို ဖယ်ရှားလိုက်သကဲ့သို့ နှင်းများသည် မြေပြင်ပေါ်မှ ပျောက်ကွယ်၍သွားလေသည်။ မြေပြင်ကို စိမ်းလန်းစိုပြည်သော အရောင်လွှမ်းမိုး၍ သွားလေသည်။ ရေညှိမှော်ပန်းဖွားများသည် အဆုပ်လိုက် အဆိုင်းလိုက် မြေပြင်ပေါ်သို့ တက်လာကြသည်။

ရောင်မျိုးစုံဆိုးခြယ်ထားသော မိုးဦးပန်းများသည်လည်း စိုပြည်သော အဖူးအငုံများဖြင့် တိုးထွက်လာကြသည်။

တစ်ဖန်တောကြီးတစ်ခုလုံးသည် မြူခိုး မြူငွေ့များဖြင့် ရီဝေရစ်ဆိုင်း၍သွားကာ အလင်းရောင် လှိုင်းကလေးများက ပြန်၍ဝင်လာကြပြန်သည်။ ထို့နောက် ရှိသမျှသော သစ်ပင်များမှ ဝေဝေဆာဆာ ထွက်ပြူ၍လာကြသည်။ ငှက်များသည်လည်း တစ်ပင်မှတစ်ပင်သို့ မြူးတူးစွာ ကူးပြောင်းခုန်ပျံနေကြသည်။ သစ်တောက်ငှက်များသည်လည်း သစ်ကိုင်းကြီးများကို

mgyoe.com

mgyoe.com

ထိုးဆိတ်နေကြသဖြင့် သစ်စကလေးများသည် သူတို့၏ပတ်ပတ်လည်တွင် လှပစွာ ပျံ့ဝဲနေကြသည်။

ထက်ကောင်းကင်မှ ကြယ်စုများ၏ အလင်းရောင်သည် ထင်းရှူးပင်တို့၏ ထိပ်ဖျားတွင် ငြိမ်သက်စွာ ထင်ဟပ်၍နေလေသည်။

နွေးထွေးသော လေအဟုန် တသုန်သုန် တိုက်ခတ်လာသည့်အခါတွင် ဗလူးဘာယ်ရီသီးများသည် မှည့်ဝင်း၍ လာကြကုန်၏။

ရှဉ့်ငယ်ကလေးများသည်လည်း သစ်ကိုင်းများပေါ်တွင် ပြေးဆော့၍ ကစားနေကြလေသည်။

တစ်ဖန် အလင်းခြည်လှိုင်းတို့သည် တဟုန်ထိုးပြေးဝင်လာကာ ထွန်ယက်ပြီးခါစ ယာခင်းများ၏ မြေးသင်းနံ့သာရနံ့များကို သယ်ဆောင်၍ လာလေသည်။

ထင်ရှူးပင်များနှင့် အခြားလှပသော သစ်ပင်များတို့သည် ကြက်သွေးရောင် ဝတ်စုံကြီးများကို ဝတ်ဆင်ထားသကဲ့သို့ နီရဲသောကတော့ ပုံသဏ္ဍာန် အသီးများဖြင့် ဖုံးလွှမ်း၍နေသည်။

အနီရောင်၊အဝါရောင်၊အပြာရောင်ရှိကြသော တောပန်းတောင်ပန်းတို့သည် မြေပြင်တစ်ခုလုံးကို ဖုံးအုပ်ကာ ဝေဝေဆာဆာဖြင့် ဖူးပွင့်နေကြသည်။

ဘုန်းတော်ကြီးဟန်သည် မြေပြင်ဆီသို့ ကိုယ်ကိုကိုင်းညွှတ်ကာ စတော်ဘယ်ရီသီးများကို ဆွတ်ခူးလိုက်သည်။

သူ့ကိုယ်ကိုပြန်၍ မတ်လိုက်သည့်အချိန်တွင် သူ့လက်ထဲတွင်ပါလာသော စတော်ဘယ်ရီသီးများသည် မှည့်ကုန်ကြလေသည်။

မြေခွေးမကြီးတစ်ကောင်သည် သူ၏ခြေမည်းမည်းကလေးများရှိကြသောသားအုပ်နှင့် သူ၏နေရာမှ ထွက်လာကြသည်။

မြေခွေးမကြီးသည် ဓားပြကြီး၏ ဇနီးသည်၏ဂါဝန်စကို သူ၏ကိုယ်လုံးဖြင့် ပွတ်သပ်နေလေသည်။

မိန်းမကြီးသည် ကိုယ်ကိုကိုင်းညွှတ်လျက် မြေခွေးမကြီး၏ ကလေးများကို ချီးမွမ်းထောမနာပြုလိုက်လေသည်။

ဓားပြကြီး၏ ကလေးများသည် သဘောကျလွန်းသဖြင့် အော်ဟစ်ကြလေသည်။

mgyoe.com

mgyoe.com


သူတို့သည် ချုံနွယ်များပေါ်တွင် တွဲခိုနေကြသော စတော်ဘယ်ရီသီးရိုင်းများကို ပလုတ်ပလောင်း စားကြလေသည်။

ကလေးတစ်ယောက်မှာမူ ယုန်ကလေးဖြင့် ကစားနေလေသည်။

နောက်ကလေးတစ်ဦးကမူ ခုန်ဆွခုန်ဆွနှင့် ထွက်လာသော အပျံသင်စတောကျီးကန်းငယ်ကလေးများနှင့် အပြေးပြိုင်တမ်းကစားနေလေသည်။

ဓားပြကြီးသည် စိမ့်တောမြေလေးတစ်ခုတွင် ရပ်လျက်စတော်ဘယ်ရီသီးများကို စားနေလေသည်။

သူသည် နောက်သို့ လှည့်ကြည့်လိုက်သောအခါတွင် ဝက်ဝံနက်ကြီးတစ်ကောင်သူ့နောက်၌ ရပ်နေသည်ကို တွေ့ရလေသည်။

သူသည် သစ်ကိုင်းတစ်ကိုင်းကို ချိုးကာ ထိုဝက်ဝံနက်ကြီးနှာခေါင်းကို အသာရိုက်လိုက်သည်။

'ဟဲ့ကောင် မင်းရဲ့စားကျက်မှာ ပြန်စား၊ ဒီနေရာဟာ ငါ့ရဲ့စားကျက်မြက်ခင်းကွ'

ဟုဆိုကာ မောင်းနှင်လိုက်သည်။

ဝက်ဝံနက်ကြီးသည် တစ်ဖက်သို့လှည့်ပြီးလျှင် အခြားအရပ်သို့ အေးအေးဆေးဆေး ထွက်ခွာသွားလေသည်။

ထို့နောက် အမျိုးအမည် မခွဲခြားနိုင်သော ပန်းမျိုးစုံတို့၏ မျိုးစေ့များသည် စတင်၍ဝေဝေဆာဆာ ဖူးပွင့်ကြကုန်သည်။

ချစ်မြတ်နိုးစရာကောင်းသော နှင်းဆီပန်းများနှင့် ဘယ်ရီနတ်နွယ်ပင်များတို့သည် တောင်ကမ်းပါးယံပေါ်သို့ အပြိုင်အဆိုင်တက်၍ လာကြသည်။

တစ်တောလုံးရှိ မြက်ခင်းပြင်တို့တွင် လူမျက်နှာဝန်းမျှရှိသော ပန်းပွင့်များတို့သည် ဖူးပွင့်လာကြပြန်သည်။

ဘုန်းတော်ကြီးဟာန်သည် ဂိုဏ်းချုပ်ဘုန်းတော်ကြီးကို ပေးအပ်ရန်ပန်းဆွတ်ခူးရန် စိတ်ကူးမိသည်။

သို့သော် နောက်ထပ်ပွင့်၍ ပွင့်၍လာကြသော ပန်းက ပထမပွင့်ခဲ့ပြီးသော ပန်းများထက် သာ၍သာ၍ လှပနေသဖြင့် အလှဆုံးပန်းတစ်ပွင့်ကိုခူးလိုသော ဘုန်းတော်ကြီးဟာန်မှာ စောင့်ဆိုင်းနေရသည်။

mgyoe.com

mgyoe.com


ထို့နောက် ဘုန်းတော်ကြီးဟန်သည် ခပ်သိမ်းကုန်သောအရာများ ငြိမ်သက်၍ သွားကြသည်ကို သတိပြုလိုက်မိသည်။ ငှက်များ၏ တေးဆိုသံတို့သည်လည်း ငြိမ်သက်၍သွားသည်။ ပန်းတို့ဖူးပွင့် ကြီးထွားကြသည်တို့မှာလည်း ရပ်တန့်၍သွားလေသည်။ မြေခွေးငယ်ကလေးများတို့သည်လည်း ဆက်လက်၍ မကစားကြတော့ပေ။

အဝေးတစ်နေရာဆီမှ စောင်းသံသာသည် ညှင်းပျောင်းစွာ ကြားနေရသည်။

ဘုန်းတော်ကြီးဟန်သည် ကောင်းကင်ဘုံမှ သန့်ရှင်းစင်ကြယ်သော တေးသံသာကို နူးညံ့သိမ်မွေ့စွာ ညှင်းညှင်းသွယ်သွယ် ကြားလာရသည်။

ဘုန်းတော်ကြီးသည် ဒူးထောက်ထိုင်ချလိုက်ကာ လက်အုပ်ချီလိုက်သည်။ သူ့မျက်နှာပေါ်တွင်ကား အမြင့်ဆုံးသောစိတ်၏ သုခချမ်းသာခြင်းတို့က လွှမ်းမိုးနေသည်။

သို့သော် ဘုန်းတော်ကြီးဟန်၏ ဘေးနားတွင် ရပ်နေသော ကပ္ပိယကြီး စိတ်တွင်း၌မူကား အမိုက်မှောင် အတွေးများက လွှမ်းမိုးနေသည်။

ဤသို့တွေ့မြင်ရသောအရာများသည် စစ်မှန်သော တန်ခိုး ပြာဋိဟာများ မဟုတ်နိုင်ဟု တွေးတောယူဆမိသည်။

'ဤအရာများသည် မကောင်းမှု ဒုစရိုက် ကျူးလွန်သူများကို ပြသခြင်းသာ ဖြစ်သည်။ ဤအရာများသည် ဘုရားသခင်ထံမှ လာကြခြင်းမဟုတ်။ စေတမန်နတ်ထံမှ လာကြခြင်းများသာဖြစ်၏။

ဤအရာများသည်ကား တကယ့်တန်ခိုးပြာဋိဟာများမဟုတ်၊ မကောင်းသော စေတန်မာနတ်၏ ကျွန်ုပ်တို့အားဖွတ်အတင်း သွေးဆောင်ဖြားယောင်း၍ ဖန်ဆင်းထားသော တန်ခိုးမျှသာဖြစ်သည်'

ကောင်းကင်တမန်တော်အစု၏ တောက်ပသောသဏ္ဍာန်များကို ဘုန်းတော်ကြီးဟန်သည် သစ်ကိုင်းသစ်ခက်များကြားမှ လှမ်း၍မြင်လိုက်သည်။ သူတို့သည် ဘုန်းတော်ကြီးဟန်နှင့် နီးကပ်၍လာကြပေပြီ။

ထိုနည်းတူစွာ ကပ္ပိယကြီးသည် ထိုအခြင်းအရာများကို တွေ့မြင်ရလေသည်။ သူသည် အံ့သြဖွယ် အလှအပတို့၏ နောက်ကွယ်တွင် အလွန်တရာမှ ကြောက်ရွံ့ဖွယ်ရာကောင်းလှသော မကောင်းဆိုးဝါးများရှိသည်ဟု

mgyoe.com

mgyoe.com

ထင်မြင်လေသည်။

ထိုအချိန်တွင် ငှက်အပေါင်းတို့သည် ဘုန်းတော်ကြီးဟန်၏ ဦးခေါင်းပေါ်တွင် ဝိုင်းပတ်ကာ ပျံသန်းလျက်ရှိလေသည်။ ထိုငှက်များသည် ဘုန်းတော်ကြီးဟန်၏ အကိုင်အတွယ်ကို ခံကြသည်။

သို့သော် အားလုံးသော တိရစ္ဆာန်များကမူ ကပ္ပိယကြီးကို ကြောက်ရွံ့ကြသည်။ ငှက်တစ်ကောင်မှ သူ၏ပခုံးပေါ်တွင် မနားခဲ့ဘူးပေ။ မြွေများသည်လည်း သူ၏ခြေထောက်နားတွင် မကစားရဲပေ။

ချိုးငှက်ကလေးတစ်ကောင်သည် အဝေးဆီမှ ပျံသန်း၍လာလေသည်။ သူသည် ကောင်းကင်တမန်တော်များ ကြွရောက်လာကြသည်ကို သိလျှင် အရဲစွန့်ကာ ကပ္ပိယကြီး၏ပခုံးပေါ်သို့ နားလိုက်သည်။

ထို့နောက် သူသည် ခေါင်းကလေးဖြင့် ကပ္ပိယကြီး၏ပါးပြင်ကို ပွတ်သပ်လိုက်သည်။ ထိုသို့ ပြုမူခြင်းကိုကပ္ပိယကြီးက ကဝေနတ်ဆိုးတို့သည် သူ့ထံသို့ဖြားယောင်းသွေးဆောင် ဖျက်ဆီးရန်လာသည်ဟုထင်သည်။

သူသည် ချိုးငှက်လေးကို ပုတ်ရိုက်ပြီးတစ်တောလုံးဟိန်း၍ သွားသောအသံဖြင့် အော်ဟစ်လိုက်သည်။

'ပြန်သွား မင်းလာခဲ့တဲ့ ငရဲဘုံကိုပြန်သွား'

ထိုအချိန်သည် ကောင်းကင်တမန်တော်များမှ အတော်ကလေးနီးကပ်လာပြီဖြစ်သဖြင့် သူတို့၏ကြီးမား နက်နဲသိမ်မွေ့ညက်ညောလှသော အမွေးအတောင်များဖြင့် ဘုန်းတော်ကြီးဟန် ထိတွေ့ခံစားနေရသောအချိန်ဖြစ်သည်။ ဘုန်းတော်ကြီးဟန်သည် မြေပြင်ပေါ်သို့ ဦးညွှတ်ကာရှိသေလေးမြတ်စွာဖြင့် မေတ္တာပို့နှုတ်ခွန်းဆက်သနေသော အချိန်လည်းဖြစ်သည်။

သို့သော် ကပ္ပိယကြီး၏ဒေါသတကြီး ရေရွတ်လိုက်သည့်အသံကို ကြားလိုက်ရသည့် အချိန်တွင်ကား တမန်တော်တို့၏ တေးသံသာသည် တိတ်ဆိတ်ငြိမ်သက်၍ သွားလေသတည်း။

သန့်ရှင်းစင်ကြယ်သော ကောင်းကင်တမန်တော်တို့သည် ထိတ်လန့်စွာဖြင့် လှည့်၍ပျံသန်းသွားလေသတည်း။

တစ်ချိန်တည်းမှာပင် ထွေးနွေးသော လင်းရောင်ခြည်သည် ပျောက်

mgyoe.com

mgyoe.com


ကွယ်၍သွားသဖြင့် မည်းမှောင်အေးစိမ့်မှုကြီးက နှလုံးသားတွင်းသို့ ကြောက်မက်ဖွယ်ရာ လွှမ်းမိုး၍လာ၏။

ထိုမည်းမှောင် အေးစိမ့်မှုကြီးသည်ကား လူသားတစ်ယောက်အတွက် လွန်စွာမှပင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ကောင်းလှပါ၏။

အမှောင်ထုကြီးသည် အိပ်ရာခင်းကြီးတစ်ခုကဲ့သို့ မြေပြင်အားလုံး သိမ်းကျုံး၍ ဖုံးလွှမ်းပစ်လိုက်သည်။ ဆီးနှင်းတွေကလည်း အဖွဲဖွဲကျ၍ လာတော့သည်။

အားလုံးသောရှင်သန် ကြီးထွားလာခဲ့သည့် အရာများသည် ကြည့်မကောင်းအောင် တွန့်လိမ်၍ သွားကြလေသည်။

သစ်ရွက်တွေကလည်း မိုးရွာသွန်းသည့်ပမာ သစ်ပင်ရိပ်များပေါ်မှ ကြွေ၍ ကြကုန်ကြလေသည်။

ဘုန်းတော်ကြီးဟန်မှာ စောစောပိုင်းက သုခချမ်းသာမှုအပေါင်းတို့ကို ပြည့်ဝစွာ ခံစားခဲ့ရသော်လည်း ယခုအခါတွင်မူ ထိုအရာများနှင့် ဆန့်ကျင်ဘက်ဖြစ်ကာ ရင်တွင်းမှ သည်းမခံနိုင်လောက်သည့် ဝေဒနာများကို ခံစားနေရတော့၏။

'ငါတော့ ဒီလိုဝေဒနာမျိုးကို ကြာရှည်စွာ ဘယ်နည်းနှင့်မှ ခံနိုင်မှာ မဟုတ်တော့ဘူး'ဟု သူ့ကိုတွေးမိသည်။

'ကောင်းကင်ဗိမာန်တော်က တမန်တော်တွေဟာ ငါနဲ့အလွန်နီးအောင်ပျံသန်းကြပြီး ငါ့အတွက်ခရစ္စမတ်သီချင်းတွေ ကျူးရင့်ပေးတော့မယ်လုပ်ကာမှ အဝေးသို့ပြန်သွားရအောင် နှင်ထုတ်ခြင်းခံရတယ်'

သူသည် ထိုကဲ့သို့ တွေးထင်နေမိသည်။

ထို့နောက်ဘုန်းတော်ကြီးဟန်သည် ဂိုဏ်းချုပ်ဘုန်းတော်ကြီး 'အက်စ်လွန်း'အတွက် ကတိပြုခဲ့သော ပန်းတစ်ပွင့်ကိုပြေး၍ သတိရလိုက်သည်။ ထိုနောက်ဆုံး အချိန်ကလေးမှာပင် သူသည် ထိုပန်းတစ်ပွင့်ကို သစ်ရွက်များနှင့် ရေမှော်များအကြားတွင် စမ်းတဝါးဝါးဖြင့် လိုက်၍ ရှာရလေသတည်း။ သို့သော် သူ့လက်များသည် အလွန်တရာမှ အေးစက်မာကြောနေသော မြေပြင်နှင့် တရွေ့ရွေ့လျှောဆင်းနေသော နှင်းခဲများကိုသာ စမ်းသပ်မိသည်။ ထိုအချိန်တွင် သူ၏နှလုံးသားမှာ ပိုမိုပြင်းထန်သောဝေဒနာများကို

mgyoe.com

mgyoe.com

ခံစားလာရတော့သည်။ သူသည် မဟန်နိုင်တော့ဘဲ မြေပြင်ပေါ်သို့ မှောက်လျက်သား လဲကျသွားလေသည်။

ကပ္ပိယကြီးနှင့် စားပြမိသားစုတို့သည် အမှောင်ထုကြီးထဲတွင် စမ်းတဝါးဝါးဖြင့် လမ်းရှာ၍ပြန်သွားလေရာ ဂူထဲသို့ပြန်၍ရောက်လာကြသည်။

သူတို့သည် ဘုန်းတော်ကြီးဟန်ကို ဂူထဲတွင် မတွေ့သောအခါ မီးတုတ်ကြီးများကိုထွန်းညှိကာ ဘုန်းတော်ကြီးကိုပြန်၍ ရှာကြလေသည်။

ဘုန်းတော်ကြီးဟန်မှာမူ နှင်းခဲပြင်များပေါ်တွင် လဲလျက် ပျံလွန်တော်မူနေသည်ကို တွေ့လိုက်ရလေသတည်း။

ဘုန်းတော်ကြီးဟန်၏ ရုပ်ကလပ်ကို အိုဗစ်သို့ ယူဆောင်သွားလေသည်။ ဘုန်းတော်ကြီး၏ရုပ်ကလပ်ကို သင်္ဂြိုဟ်ရန် ဦးစီးကြသူများသည် ဘုန်းတော်ကြီးဟန်၏ ညာလက်သည် တစ်စုံတစ်ခုစွဲမြဲစွာ ဆုပ်ကိုင်ထားသည်ကို တွေ့ကြရလေသည်။

ထိုအရာကလေးကို သူပျံလွန်တော်မူခါနီးအချိန်ကလေးတွင်မှာပဲ ဆုပ်ကိုင်ထားသော အရာကလေးဖြစ်ရမည်ဟု အားလုံးကယူဆကြသည်။

သူတို့တစ်တွေ ဘုန်းတော်ကြီး၏လက်ကိုနောက်ဆုံးဖြေလိုက်ကြသည့် အခါတွင်သူ၏လက်ထဲတွင် စွဲမြဲစွာဆုပ်ကိုင်ထားသော အရာကလေးသည် မြက်ဥကလေး နှစ်ဥကိုတွေ့ကြရသည်။

ထိုမြက်ဥကလေးနှစ်ဥမှာ သစ်ရွက်နှင့်ရေမှော်များကြားမှ ဘုန်းတော်ကြီး နောက်ဆုံး ဆွဲနုတ်ခဲ့ခြင်း ဖြစ်လေသည်။

ဘုန်းတော်ကြီးဟန်နှင့် လိုက်ပါသွားသော ကပ္ပိယကြီးသည် ထိုမြက်ဥကလေးနှစ်ဥကိုယူကာ ဘုန်းတော်ကြီးဟန်၏ဆေးဥယျာဉ်တွင် စိုက်ပျိုးထားလိုက်လေသည်။

ကပ္ပိယကြီးသည် ထိုမြက်ဥများမှ ပန်းများပွင့်လာမည်လားဟုသော မျှော်လင့်ချက်ဖြင့် တစ်နှစ်ပတ်လုံးစောင့်မျှော်ကြည့်ခဲ့သည်။ သို့သော် မိုးဦးရာသီ၊ နွေရာသီနှင့်နွေနှောင်းဆောင်းဦးရာသီတို့ ကုန်လွန်ခဲ့သော်လည်း အချည်းနှီးသာဖြစ်ခဲ့ရသည်။

နောက်ဆုံး ပန်းရွက်တွေကြွေကာ ပန်းပွင့်တွေနွမ်းရသည့် ဆောင်းရာသီသို့ အရောက်တွင်မှ သူသည် လုံးဝလက်လျှော့လိုက်တော့သည်။

mgyoe.com

mgyoe.com


ခရစ္စမတ်အကြိုနေ့သို့ နောက်တစ်ဖန်ပြန်၍ ရောက်လာသည့်အခါ တွင်မူ ကပ္ပိယကြီးသည် ဘုန်းတော်ကြီးဟန်ကိုသတိရလွန်းသဖြင့် သူစိုက် ပျိုးခဲ့သော ပန်းဥယျာဉ်အတွင်းသို့ လျှောက်၍ကြည့်ကာ ဘုန်းတော်ကြီး အကြောင်း ပြန်ပြောင်း၍ တွေးတောနေမိသည်။

ထိုအခါကျမှပင် ကပ္ပိယကြီးသည် ဘုန်းတော်ကြီး၏ အမြစ်မပါသော ဥကိုစိုက်ထားသည့် နေရာတွင် စိမ်းလန်းစိုပြည်ထွားကြိုင်းသော ပင်ရိုးတံ များနှင့် ထိုအပေါ်တွင် ငွေရောင်အရွက်များဖြင့် ဝေစီလှပစွာ ဖူးပွင့်နေ ကြသောပန်းများကို တွေ့လိုက်ရသည်။

ကပ္ပိယကြီးသည် အိုဗစ်တစ်ကျောင်းလုံးရှိ ဘုန်းကြီးများကို ခေါ်၍ ပြသလေသည်။

အခြားခပ်သိမ်းကုန်သော ပန်းမန်များသေကျေပျက်စီး မပျက်မစီး မပွင့်မဖူးဘဲ နေရသည့်ထိုကဲ့သို့သောရာသီဥတုတွင် ဤပန်းပင်သည် ခရစ္စမတ် အကြိုနေ့တွင်မှ ဖူးပွင့်သည်ကို တွေ့လိုက်ကြသဖြင့် ထိုပန်းပင် သည် တကယ်ပင် 'ဂိုအမ်' တောနက်ကြီးထဲရှိ ခရစ္စမတ်ဥယျာဉ်ကြီးထဲမှ ဘုန်းတော်ကြီးဟန်ယူခဲ့ကြောင်းကို နားလည်လိုက်ကြသည်။

ထို့နောက် ကပ္ပိယကြီးသည် ထိုပန်းပင်များမှ ပန်းအနည်းငယ်ကိုခူး ၍ ဂိုဏ်းချုပ် ဘုန်းတော်ကြီး 'အက်စလွန်း' ကို သွားပေးရမည်လားဟု အခြား ဘုန်းတော်ကြီးများကို မေးလေသည်။

အားလုံး၏သဘောတူညီချက်ဖြင့် ကပ္ပိယကြီးသည် ပန်းများကို ခူးကာ ဂိုဏ်းချုပ်ဘုန်းတော်ကြီးထံသို့ ယူသွားလေသည်။

ဂိုဏ်းချုပ်ဘုန်းတော်ကြီးသည် ထိုကဲ့သို့ အပြင်းထန်ဆုံးသော ဆောင်းရာသီတွင် ဖူးပွင့်သည့်ပန်းကို တွေ့လိုက်ရလျှင် သူ့မျက်နှာတွင် သရဲတစ္ဆေများကို မြင်လိုက်ရသကဲ့သို့ မျက်နှာပျက်၍ သွားလေသည်။ ဂိုဏ်းချုပ်ဘုန်းတော်ကြီးသည် ခေတ္တငြိမ်သက်နေပြီးမှ မိန့်ဆိုလိုက်သည်။

'ဘုန်းတော်ကြီးဟန်ဟာ အင်မတန်မှ သစ္စာရှိရှိနဲ့ သူ့ကတိကိုတည် ခဲ့တယ် ... ဒါကြောင့် ငါကလည်း ငါ့ကတိအတိုင်း ငါပြုပါတော့မယ်' ဂိုဏ်းချုပ်ဘုန်းတော်ကြီးသည် လွတ်ငြိမ်းချမ်းသာခွင့် အမိန့်စာကို ကပ္ပိယကြီး သို့ ပေးလိုက်သည်။

mgyoe.com

mgyoe.com


ကပ္ပိယကြီးသည်လည်း အမိန့်စာကို ရလျှင်ရခြင်း ဓားပြကြီးနေထိုင်ရာ ဂူသို့သွားလေသည်။

ထိုနေ့မှာ ခရစ္စမတ်နေ့ပင်ဖြစ်သည်။ သူသည် ဂူထဲသို့ဝင်သွားသောအခါ ဓားပြကြီးသည် ဒေါသတကြီးပုဆိန်ကြီးကို ကိုင်ကာ သူ့ဆီသို့ လျှောက်လာသည်။

'မင်းတို့ ဘုန်းကြီးတွေကို ပုဆိန်နဲ့ အပိုင်းပိုင်း အပြတ်ပြတ်ဖြစ်သွားအောင် ငါခုတ်သတ်ချင်တယ်၊ မင်းကြောင့် ဂိုအမ်တောကြီးတစ်ခုလုံး မနေ့က လုပတဲ့ဥယျာဉ်တွေ မဖူးပွင့်တော့ဘူး'

'ဟုတ်တယ် အဲဒီအပြစ်ဟာ ကျုပ်အပြစ်ပါပဲ။ အဲဒီအပြစ်ကြောင့် ကျုပ်ကျေကျေနပ်နပ်သေရပါတယ်၊ဒါပေမဲ့ ကျုပ်မသေခင်မှာ ဘုန်းတော်ကြီးဟန်ရဲ့စာကို ပေးပါရစေဦး'

ကပ္ပိယကြီးသည် ထိုသို့ပြောဆိုပြီးလျှင် ဂိုဏ်းချုပ်ဘုန်းတော်ကြီး၏ လွတ်ငြိမ်းချမ်းသာခွင့်အမိန့်စာကို ပေးလိုက်ပြီး ဓားပြကြီးကိုလည်း လွတ်ငြိမ်းချမ်းသာခွင့်ရရှိသွားပြီ ဖြစ်ကြောင်းပြောပြလေသည်။

ဓားပြကြီးမှာ ဖြူရော်သောမျက်နှာနှင့် စကားမပြောနိုင်အောင် ဖြစ်နေတော့သည်။ ဤတွင် သူ၏ဇနီးဖြစ်သူက ဝင်၍ပြောလိုက်သည်။

'ဘုန်းတော်ကြီးဟန်ဟာ သူ့ကတိကို တကယ်ပဲ တည်ခဲ့တယ်၊ ကျွန်မရဲ့ ယောကျ်ားဟာလည်း သူ့ကတိကို တည်ပါလိမ့်မယ်'

ဓားပြကြီးတို့ မိသားစုထိုဂူကြီးကို စွန့်ခွာ၍သွားသောအခါ ကပ္ပိယကြီးသည် ထိုဂူကြီးအတွင်းသို့ ပြောင်းလာလေသည်။ သူသည် ထိုတောထဲတွင် တစ်ဦးတည်းနေထိုင်ပြီးလျှင်စိတ်အေး ချမ်းသန့်စင်မှုအတွက် ကမ္ဘာ့ဌာန်းထိုင်ကာ သူ၏မာကြောခဲ့သော နှလုံးသားအတွက် ခွင့်လွှတ်နိုင်ပါမည့်အကြောင်းကို ဘုရားသခင်ထံတွင် ဆုတောင်း၍နေလေတော့ သတည်း။

သို့သော် 'ဂိုအမ်' တောကြီးမှာမူကား ထိုအချိန်မှစ၍ ဘုန်းတန်ခိုးအဖြာဖြာတင့်တယ်မှုအပေါင်းတို့နှင့် ပြည့်စုံလှသော ကျွန်ုပ်တို့၏ ကယ်တင်ရှင် သခင်ခရစ်တော် မွေးချိန်အထိမ်းအမှတ်ပွဲတော်ကို မကျင်းပတော့ချေ။

ထိုတောကြီးအတွင်းဝယ် ယခုအချိန်အထိ ဘုန်းတော်ကြီးဟန်

mgyoe.com

mgyoe.com


ခူးဆွတ်ခဲ့သော ပန်းပင်မျိုးသာ ရှင်သန်လျက်ရှိ၏။ ထိုပန်းပင်ကို ခရစ္စမတ်နှင်းဆီဟုခေါ်ကြသည်။ နှစ်စဉ် နှစ်တိုင်း ခရစ္စမတ်အကြိုနေ့တွင် ထိုအပင်သည် မြေပြင်မှ စိမ်းလန်းစိုပြည်သော အရိုးတံများနှင့် ပေါ်ထွက်လာတတ်သည်။ ထိုအပင်မှပွင့်သည့် ဖြူဖွေးဝေဆာသော ပန်းပွင့်များသည် တစ်ချိန်က 'ဂိုအမ်' တောကြီးအတွင်းရှိ ခရစ္စမတ်ဥယျာဉ်တောကြီးမှ ဖူးပွင့်ခဲ့သော ပန်းများကို မမေ့နိုင်သည့် အသွင်သဏ္ဍာန်မျိုးဖြစ်ပါသတည်း။

မိန်(တက္ကသိုလ်)

■

mgyoe.com

mgyoe.com

RUSSIA

Fyodor Dostoevsky

A CHRISTMAST STORY

# ခရစ္စမတ်ည၏ ပုံတစ်သွယ်

ဝင်းထိုက်(တက္ကသိုလ်)

နာတာလူး ပွဲတော်နေ့ဖြစ်သည်။

ဤအကျဉ်းစခန်း၌ ကျွန်ုပ်ကျရောက်ပြီးနောက် ဒုတိယအကြိမ်မြောက် နာတာလူးပွဲတော်နှင့် ကြုံတွေ့ရခြင်း ဖြစ်၏။

ရက်ထူးရက်မြတ်ဖြစ်၍ အကျဉ်းသားများသည် အလုပ်ခွင်မှ အနားယူခွင့် ရကြလေသည်။

သို့ရာတွင် ယခုကဲ့သို့အခွင့်အရေးပေး၍ အနားယူစေခြင်းသည် အကျဉ်းသားများအတွက် ထောက်ထားညှာတာရာ ရောက်လှသည်ဟုမူ ကျွန်ုပ် မထင်မိချေ။

လုပ်စရာ ကိုင်စရာမရှိလျှင် ဦးဏှောက်တွင်းသို့ စိတ်မချမ်း မြေ့စရာဖြစ်ရပ် ဟောင်းတို့သည် အသိစိတ်သို့ ဖောက်ထွင်းဝင်လာ၍ နှလုံးသားအား တိုက်ခိုက်လာသော် အဘယ်မည်သော နာကျင်ကြေကွဲတတ်သူတို့သည် ခံနိုင်စွမ်းရှိပါအံ့နည်း။

သည်နာတာလူးပွဲတော်နေ့တွင် အကျဉ်းစခန်းတစ်ခုလုံးသည် ထူးထူးခြားခြား တိတ်ဆိတ်ငြိမ်သက်နေ၏။ အကျဉ်းသားတစ်ဦးနှင့် တစ်ဦးတို့သည်လည်း စကားကိုတိုးတိုး တိတ်တိတ်သာ ပြောဆိုနေကြလေသည်။

mgyoe.com

mgyoe.com


ဆိတ်ငြိမ်မှုကို ဖြိုခွင်းရန် ကြောက်ရွံ့နေသကဲ့သို့ ရှိကြ၏။ အကျဉ်းသားတစ်ဦးဦး လှုပ်ရှားလျှင်လည်း တုတ်နှောင်ထားသည့် သံကြိုးများမှ တစ်ခုနှင့်တစ်ခု ပွတ်ခတ်သံများကိုသာ ကြားနေရပေသည်။

ထိုချုပ်နှောင်မှုအောက်တွင် မိမိတို့အသီးသီး ရှိကြကြောင်းကို သံကြိုးခတ်သံများက သတိပေးနေဘိသကဲ့သို့ ရှိလည်းရှိ၏။

ဤဒုက္ခဆင်းရဲခြင်းသည် မည်၍မည်မျှ ကြာလေဦးမည်ကိုမူ မည်သူတစ်ဦးတစ်ယောက်ကမှ ခန့်မှန်းသိရှိနိုင်စွမ်း မရှိကြပါပေ။

ယင်းကဲ့သို့သော ကြမ္မာဆိုးအောက်မှ သေခြင်းဖြင့်သာ လွတ်ကင်းငြိမ်းချမ်းနိုင်ကြလိမ့်မည်ဟုလည်း တချို့က ယုံကြည်ထားကြပါပေသည်။ ဤလိုနေ့မျိုးတွင် မြို့တွင်းမှ ကြင်နာသနားတတ်သူများထံမှ ပေးပို့လေ့ရှိကြသော လက်ဆောင်ပစ္စည်းများကို အကျဉ်းသားများ ရရှိကြ၏။

အကျဉ်းသားများကို ဤကဲ့သို့ နေ့ထူးနေ့မြတ်၌ ဘုရားကျောင်းသို့ ဘုရားဝတ်ပြုရန် ခေါ်ဆောင်သွားတတ်ပြီး သင့်တင့်သော အစားအသောက်များဖြင့် ညစာကိုကျွေးမွေးသမှု ပြုကြလေသည်။

ထို့နောက်ကြီးမားသော ခန်းမဆောင်အတွင်းမှ အချင်းချင်းတွေ့ဆုံ၍ စကားများ ပြောဆိုခွင့်ကိုလည်း ပေးပါသည်။

အကျဉ်းသားများသည် ထိုကဲ့သို့သော အခွင့်အရေးလေးများကို ပေးခြင်းခံယူကြရပြီးနောက် မိမိတို့သည် အိပ်တန်းဝင်ရန်သာ ရှိတော့ကြောင်းကို သိရှိကြလေသည်။

အကျဉ်းစခန်း၏ တံခါးမကြီး အနီး၌ထားရှိသည့် အစောင့်တစ်ဦးဆီမှ တမိုတ်မိုတ်တောက်လောင်နေသော မှန်အိမ်မီးရောင်မှအပ ခန်းမဆောင်တစ်ခုလုံးသည် မှောင်နှင့်မည်းမည်း ဖြစ်နေ၏။ အကျဉ်းသားများ၏ နှလုံးသား အတွင်း၌ ကိန်းဝပ်လျက်ရှိသော ဒုစရိုက်မှုများအား ပြန်လည်သတိရှိရန် ပတ်ဝန်းကျင်သည် လှုံ့ဆော်ပေးနေသကဲ့သို့လည်း ရှိတော့၏။

အကျဉ်းစခန်း၌ ခါတိုင်းနေ့များကဲ့သို့ အချိန်ပြည့်အစောင့်အကြပ်များမရှိ၍ အကျဉ်းသားများသည် လွတ်လွတ်လပ်လပ်ပင် နေထိုင်နေကြရ၏။ အကျဉ်းသားတစ်ဦး၏ တယောသံသဲ့-ဲ့လည်းကြားနေရ၏။ တယောသံသဲ့သဲ့ပေါ်လွင်နေသော်လည်း တယောမှာကြိုးများ ပြည့်ပြည့်စုံစုံမရှိခြင်း

mgyoe.com

mgyoe.com


ကြောင့် ကြိုးတစ်ဝက်ခန့်မှာ ပြတ်ချင်လည်း ပြတ်နေပေလိမ့်မည်။ သို့မဟုတ် မရှိလျှင်လည်း မရှိခြင်းဟု ထင်မှတ်ရပေမည်။

တစ်နေရာ၌ အကျဉ်းသားတစ်ဦးသည် ကျန်ရဲဘက်များကို ခရစ္စမတ် ပုံပြင်များကို ပြောဆိုနေလေသည်။

ပုံပြင်များကို ပြောဆိုနေသူမှာ (သူခိုးကြီး)ဟု သမုတ်ခြင်းခံရသူ တီမိုဖေ (Timofey )ဖြစ်ပေသည်။

တီမိုဖေသည် အပြင်လောက၌ အေးချမ်းတည်ငြိမ်မှု မရှာနိုင်သူတစ်ဦး ဖြစ်ပြီး သူ့အတွက် အပြင်လောက၌ စားဝတ်နေရေးမမှန်ဘဲ ဤအကျဉ်း စခန်းမှာကဲ့သို့ ပျော်ရွှင်မှုမတွေ့ရကြောင်းကို ကြွေးကြော်လေ့ရှိသည်။

အကျဉ်းသားများက တီမိုဖေကို သူရဲကောင်းဆန်ဆန်ပိုင်း၍ အသိ အမှတ်ပြုကြ၏။ လူမသတ်ဖူးသော်လည်း ဓားပြမှုနှင့် ခိုးမှုပေါင်းများစွာ တို့ကိုကြူးလွန်ခဲ့၍ ဤအကျဉ်းသို့ ပြန်လည်မဝင်ရောက်မီကတည်းက သူ့ အကြောင်းကို သိထားကြပြီးဖြစ်ပေသည်။

ထို့နောက် တီမိုဖေကို ထိုက်တန်သည့် နေရာပေး၍ သူ့အားလေးလေး စားစားပင် ဆက်ဆံကြ၏။ အစဉ်သဖြင့် ပြုံးရွှင်သော သူ့မျက်နှာနှင့် ဟာသ များညှပ်ကာ စကားကိုပြောလေ့ ပြောထရှိသူလည်းဖြစ်၏။

တစ်ဖက်လူအား ကူညီရိုင်းပင်းလေ့ရှိသည်။ မိမိကျင်လည်ခဲ့ရသည့် ဘဝမှ ရယ်မောဖွယ်ကောင်းသော အတွေ့အကြုံ အဖြစ်အပျက်များကို ပြန် လည်ပြောပြတတ်ပြီး အကျဉ်းထောင်သို့ မည်ကဲ့သို့ပြန်လည်ဝင်ရောက် လာကြောင်းနှင့် အကြိမ်ပေါင်း မည်မျှရှိနေပြီကို ၎င်းအနေဖြင့် မေ့နေသူ လည်းဖြစ်လေသည်။

တီမိုဖေသည် အပြင်လောကနှင့် အကျဉ်းထောင်ကို အိမ်ဦးနှင့် ကြမ်း ပြင်ကဲ့သို့ သဘောထားပြီး ယခုကဲ့သို့ အကျဉ်းကျနေခြင်းကိုပင် သူ့အနေ ဖြင့် ကျေနပ်နေကြောင်း ထင်ရှားနေပေသည်။

အောက်ကျို့၍ ပြောဆိုတတ်ခြင်းများကြောင့် တီမိုဖေအား ထောင် ကြပ်များ နှစ်သက်ကြ၏။ တီမိုဖေနှင့် ဆက်ဆံရသူတိုင်း ကျေနပ်မှု မရှိ သည်ဟုဆိုသော်လည်း မည်သူကမှ သူ့အားစတင်၍ လာရောက်ပေါင်းသင်း ခြင်းကို မတွေ့ရပါချေ။

mgyoe.com

mgyoe.com


အဘယ်ကြောင့်ဆိုသော် တီမိုဖေသည် စိတ်ဒေါသထွက်လာပြီဆိုပါက ဆက်တိုက်ဖြစ်ပေါ်လာတတ်မည့် အခြေအနေများကို တိုင်းဆနိုင်စွမ်း မရှိသည့် သူ၏စိတ်ခတ်အကြောင်းကို နားလည်သဘောပေါက် သိရှိထားကြခြင်းကြောင့် ဖြစ်လေသည်။

ကျွန်ုပ်၏ အနီးအနားရှိရဲဘက်များ၏ ခေါင်းတုံးပြောင်ပြောင်များကို ငေးကြည့်နေမိရင်း ဘာလုပ်ရမည်ကို စဉ်းစားနေမိ၏။

ထိုအခိုက် သက်ပြင်းချသံတစ်ချက်ကို ကြားလိုက်ရ၏။

ကျွန်ုပ်သတိထား ကြည့်မိလိုက်သည့်အခါ၌ တစ်ဦးတည်းသီးခြားထိုင်နေသူ 'ငပေါကြီး အီလီယာ'ဟုတွင် ရဲဘက်တစ်ဦး၏ သက်ပြင်းချသံဖြစ်ကြောင်း သိလိုက်မိလေသည်။

သူသည် ကျွန်ုပ်အကျဉ်းစခန်းသို့ အသစ်ရောက်ရှိလာသူဖြစ်ပြီး ယနေ့သည် သူ၏အကျဉ်းစခန်း၌ ပထမဦးဆုံး နာတာလူးပွဲတော်နေ့ဖြစ်၏။ အရာရာတွင် ထုံထိုင်းသူတစ်ဦးလည်း ဖြစ်ပေသည်။

အများမလုပ်လိုသော အလုပ်များကို ကျန်အကျဉ်းသားရဲဘက်များက ဝိုင်းဝန်း၍ သူ့ကိုခိုင်းစေတတ်သည်၊ ခိုင်းစေ၍ပြီးစီးပါက သူ့အား 'ငပေါကြီး အီလီယာ'ဟု ဝိုင်း၍ နောက်ပြောင်ကြသည်။

အီလီယာသည် အသက် (၃၀) အရွယ်ခန့်ရှိပြီး အရပ်ပုပြတ်ပြတ်၊ တောင့်တင်းသော ကိုယ်ခန္ဓာနှင့် ဖြစ်၏။

သူ၏မျက်နှာပြင်တစ်ခုလုံးတွင် ကျောက်ပေါက်မာများဖြင့် ပြည့်နက်နေပြီး မျက်လုံးတစ်ဖက်မှာမူ အကြည့်ရဆိုးအောင်ပျက်၍ အလင်းမရရှာပေ။

လူသတ်မှုဖြင့် တစ်သက်တစ်ကျွန်း ကျရောက်လာရခြင်းလည်း ဖြစ်၏။ သူသည်အရာရာကို တစ်စုံတစ်ရာ တုံ့ပြန်မှုမရှိဘဲ မျက်ကန်းသဘောမျိုးဖြင့် လက်ခံလေ့ရှိသည်။

မိမိ၏အပြစ်ဒဏ် ထင်ရှားကြီးလွန်းသည်ဟူ၍လည်းကောင်း၊ အမှုမှာ မတရားအပြစ်ဒဏ်ပေးခြင်း ခံရသည်ဟူ၍လည်းကောင်း၊ ဘယ်သောအခါမှ ညည်းညူခြင်း၊ ပြောဆိုခြင်းမရှိပေ။ ဖြစ်ခဲ့သမျှ အဖြစ်အပျက်တို့ကို ကျေကျေနပ်နပ် လက်ခံယူလာသည့်အလား အကျဉ်းစခန်း၌ အေးချမ်းစွာ နေထိုင်လေ့ရှိသည်။

mgyoe.com

mgyoe.com


တီမိုဖေက သူ့အား 'ငပေါကြီး'ဟု စတင်သမုတ်ပေးသည့် အမည်ကိုပင် တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိဘဲ ကျေနပ်စွာခံယူထားသည်။

အကျဉ်းစခန်း၌ အကျဉ်းသားများကို နံပါတ်စဉ်များဖြင့် သာခေါ်ဝေါ်လေ့ရှိသည်။

အကျဉ်းသားများကလည်း အချင်းချင်း တစ်ဦးနှင့်တစ်ဦး နာမည်ကြောင်များဖြင့် ခေါ်ဝေါ်သမုတ်လေ့ရှိကြ၏။ အီလီယာကိုလည်း ချမ်းသာမပေးကြချေ။

'ဟေ့ ငပေါကြီး မင်းဘယ်မှာလဲကွ'ဟု သူ့အား လှမ်းအော်၍မေးသည့်အခါတိုင်း အီလီယာသည် သူ့သွားကြီးများ ဖြီး၍ ပြုံးနေတတ်လေ၏။

သို့ရာတွင် သည်နာတာလူးပွဲတော်နေ့၌ 'ငပေါကြီးအီလီယာ'သည် ထူးထူးခြားခြား ပြောင်းလဲနေကြောင်းကို ကျွန်ုပ်တို့ သတိထားမိလေသည်။

ထူးခြားပါသည်ဟုပင် ခေါ်ရပါမည်။ ကျွန်ုပ်သည် သူ့သက်ပြင်းချသည်ကို တစ်ကြိမ်တစ်ခါမျှ မတွေ့မမြင်ခဲ့ဘူးပါချေ။ ကြားလည်း မကြားမိခဲ့ဖူးပါလေ။

သူ၏သက်ပြင်းချသံတွင်း၌ ကြေကွဲခြင်း ပြင်းထန်လွန်းရကားကျွန်ုပ်၏နှလုံးသားသို့ပင် ကူးဆက်လာပြီး ကျွန်ုပ်၏ရင်မှာလည်း တလှိုက်လှိုက်ဖြင့် ဖြစ်လာသည်။ အကျိုးအကြောင်း သိလိုဇောဖြင့် ကျွန်ုပ်သည် သူ့အနီးသို့ ချဉ်းကပ်သွားလိုက်လေသည်။ မေးလည်း မေးမိလေသည်။

'အို ... မင်းနားလည်မှာ မဟုတ်ပါဘူးကွယ်၊ ငါဟာ ငါ့ဆိတ်မကလေးကိုဝါဘီယာအကြောင်း တွေးနေတာပါ ...။ ဝါဘီယာ အခုဘယ်မှာနေတယ်၊ ဘာတွေဖြစ်နေတယ် သူတို့ ဝါဘီယာကို ကောင်းကောင်းမွန်မွန်မှ ထားရဲ့လား ... ၊ နေကောင်းရဲ့လား၊ ဒါတွေကို ငါသိပ်သိချင်တာပဲ၊ တစ်စုံတစ်ယောက်ကသာ ဒီအကြောင်းတွေကို ငါ့ကို လာပြောနိုင်မယ်ဆိုရင် ဘုရားသခင်ကရော၊ တမန်တော်တွေဆီကပါ တခြားဘာမှ ထပ်မတောင်းလိုတော့ဘူးကွယ်'

သူပြောနေသည့် ဝါဘီယာမှာ မည်သူမည်ဝါဖြစ်ကြောင်း ကျွန်ုပ်သည် ထပ်မံမေးကြည့်မိပါ၏။

mgyoe.com

mgyoe.com


ဝါဘီယာသည် သူ၏ညီငယ်သော်လည်းကောင်း၊ ချစ်သူသော်လည်းကောင်း တစ်ဦးဦးဖြစ်ရမည်ဟု ကျွန်ုပ်မျှော်လင့်ထား၏။

'ဘာဖြစ်လို့လဲကွ ... ငါပြောထားပြီးမှပဲ မဟုတ်လား၊ ဝါဘီယာဆိုတာ ငါ့ဆိတ်မကလေးလေ'

သူသည် ကျွန်ုပ်အား အသေအချာကြည့်ပြီး ပြန်ပြောနေ၏။

သည်လိုမေးခွန်းမျိုး မေးနေစရာလိုသေးသလားဟု အံ့အားသင့်နေကြောင်း သူ၏လေသံက မသိမသာ ပေါ်နေပေသည်။

ရိုးရိုးသားသားပြောရလျှင် ကျွန်ုပ်မှာ သူကိုနားမလည်နိုင်အောင် ဖြစ်နေမိသည်။ သူ့အား စိတ်အနှောင့်အယှက် ထပ်မံမပြုလို၍သာ ဒုတိယအကြိမ်မရှင်းခိုင်းတော့ဘဲ ဝါဘီယာအကြောင်းကိုသာ ဆက်ပြောရန်မေးလိုက်ပါသည်။

'ဒီနေ့ဟာ နာတာလူးပွဲတော်နေ့လည်း ဖြစ်တယ်မဟုတ်လား သိနားလည်မယ့် တစ်ဦးဦးဆီမှာ ရင်ဖွင့်လိုက်ရရင် ခင်ဗျားကျေနပ်ပါလိမ့်မယ်'

သူသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်၏။

'အင်း ... ခိုငယ်ရယ် မင်းဘယ်လိုနားနိုင်ပါမလဲ၊ ဒါပေမဲ့ မင်းပြောတာမှန်ပါတယ်၊ မင်းကိုဖွင့်ပြောရရင် သက်သက်သာသာ ရှိကောင်းရှိလိမ့်မယ်ထင်ပါရဲ့'

ဖော်ပြပါ အကြောင်းအရာများကို ကျွန်ုပ်အား ပြောပြနေစဉ်အတွင်း တစ်ခုတည်းသော အီလီယာ၏မျက်လုံးမှ မျက်ရည်ပေါက်တစ်စက် ထွက်လာပြီး ပါးပြင်မှ ကျဆင်းသွားကြောင်းကို ကျွန်ုပ်သတိထား တွေ့မိလိုက်လေသည်။

'ဒီအကြောင်းတွေ ဘယ်သူ့ကိုမှ မပြောဖူးပေမယ့် မထူးတော့ပါဘူး ခိုငယ်ရယ် မင်းကို ဒီကနေ့ အားလုံးပဲဖွင့်ပြောလိုက်တော့မယ် ... မနေနိုင်မထိုင်နိုင်ဖြစ်ပြီး တစ်နေ့နေ့မှာ ဒီအကြောင်းတွေကို ဖွင့်ပြောမိမှာပဲ၊ ငါ့ဆီမှာအမေဆိုတာ မရှိဘူး၊ ငါရက်သားပဲရှိပေလိမ့်မယ်၊ ခြင်းကြားတစ်ခုက ငါကိုကောက်တွေ့ရတယ်။

တို့ရွာက မသာကျင်းတူးတဲ့ သုဘရာဇာကြီး ကျင်းသွားတူးဖို့ သင်္ချိုင်းကုန်းအသွား အဲဒီက ကောက်တွေ့တယ်တဲ့၊ မသာကျင်းတူးတဲ့ လူကြီး

mgyoe.com

mgyoe.com


ကလည်း သဘောထားပြည့်ဝတော့ ငါ့ကို အိမ်ခေါ်သွားပြီး ကျွေးမွေးစောင့်ရှောက်ထားခဲ့တယ်၊ အဲဒီနေ့ညမှာပဲ ထိုဘုန်းတော်ကြီးက ရေနှစ်မင်္ဂလာပေးပြီး ငါ့ကိုကောက်တွေ့တဲ့နေ့ဟာ တမန်တော်အီလီယာရဲ့ နေ့ဖြစ်လို့ ငါ့ကိုလည်း အီလီယာလို့ပဲ အမည်တွင်စေတယ်။

"ငါရဲ့ မိဘဟာ မည်သူမည်ဝါတွေ ဖြစ်တယ်ဆိုတာ အတိအကျမရှိနိုင်ဘူးပေါ့။ အများကတော့ ငါ့အမေဟာ ငါ့ကိုမွေးပြီး ရှက်ရှက်နဲ့ လာပြစ်ထားခဲ့တယ်လို့ပဲယူဆကြတယ်။ ငါလည်း တစ်စတစ်စ ကြီးပြင်းလာခဲ့တယ်။ တစ်ခြားသက်တူရွယ်တူ ကလေးတွေက ငါ့ကိုနောက်ကြ၊ ပြောင်ကြ၊ ဝိုင်းပယ် ကြတယ်။ ကြာတော့ ငါလည်းသူတို့ကို မုန်းလာတယ် ဒါပေမဲ့ ငါဟာ မပျော်နိုင်ဘူးတော့ မဟုတ်ဘူးပေါ့၊ ငါ့မွေးစားအဖေရော အမေပါ ငါ့ကို ကောင်းကောင်းမွန်မွန်ပဲ ကျွေးမွေးစောင့်ရှောက်ထားကြပါတယ်။ ငါဆယ်နှစ်သား အရွယ်ရောက်တော့ သူတို့မှာ သမီးလေးတစ်ဦး ထွန်းကားလာတယ်။ အဲဒီကလေးမငယ်ကိုလည်း ငါသိပ်ချစ်တာပဲ။ သူ့ကို အင်နီစီယားလို့ နာမည်ပေးထားကြတယ်။ အဖေဖြစ်သူ လယ်ထဲဆင်းအလုပ်လုပ်တိုင်း ငါဟာကျန်ရစ်ခဲ့ပြီး သူ့ကိုထိန်းထားရတယ်၊ ငါ့လက်တွေနဲ့ သူ့ကို ချော့မြူခဲ့ရတယ်။ ငှက်ခြင်တွေမသန်းရအောင်လည်း မောင်းပေးခြောက်ပေးခဲ့ရတယ်။ လမ်းလျှောက်သင်ပေးရတဲ့ အရွယ်ကျတော့ သူ့လက်ကလေးတွေကို ဖေးမပေးခဲ့ရပြန်တယ်။

တစ်နေ့တော့သူက ခွေးကြီးကို သွားစပါလေရော၊ ခွေးကြီးကသူ့ကို ခုန်အလိုက်မှာ ငါလည်း ရုတ်တရက် သူ့ရှေ့မှာ ဝင်လုံပြစ်လိုက်ရမယ်၊ ဒါနဲ့ သူအကိုက်ခံရ လွတ်သွားပြီးခွေးကြီးက ငါ့လက်လှမ်းကိုက်လိုက်တယ်၊ အဲဒီအမာရွတ်ဟာ အခုထိရှိပါသေးတယ်။ မင်းကြည့်ချင်ရင် ငါပြပါ့မယ်' ဟု ပြော့ပြောဆိုဆို အီလီယာသည် အင်္ကျီလှန်ပြီး သူ့လက်မောင်းမှ အမာရွက်ကြီး တစ်ခုကိုပြလေသည်။

'အင်နီစီယားဟာ ငါ့အတွက် တစ်ကမ္ဘာလိုပါပဲ၊ သူဆယ်နှစ်သမီးအရွယ်ရောက်တော့ ငါလည်း ၁၈ နှစ် လူပျိုပေါက်ဖြစ်နေပြီပေါ့။ သူ့ကို ဒူးပေါ်တင်ပြီး ကြီးလာရင် မင်းကိုငါလက်ထပ်မယ်လို့ ပြောလေ့ပြောထရှိတယ်။ အိမ်နီးနားခြင်းတစ်ဦးက တစ်နေ့တော့ တွေ့သွားပြီး မွေးစားအမေ

mgyoe.com

mgyoe.com


ကို သွားပြောတယ်၊ ငါ့ကို မွေးစားအမေက ဆူတော့တာပါပဲ၊ ကလေးကို ဒီလိုစကားမျိုးတွေ မပြောဖို့နဲ့ နောက်ပြီး အင်နီစီယားကို ကြီးရင်ယူမယ်ဆို တာလည်း ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးလို့လည်း ပြောတော့တာပဲ၊ ဒါပေမဲ့ နောက်ကို ဘယ်သူမှမကြားအောင် သတိထားပြီး ဒီစကားတွေကိုပဲ အင်နီစီယား ကို ဆက်ပြောခဲ့တယ်။ အင်နီစီယားဟာ ငါ့ကိုချစ်တယ်လို့ ငါ့ယုံကြည်ခဲ့ တယ် ...'

'တစ်နေ့တော့ လယ်ထဲက ပင်ပင်ပန်းပန်း အလုပ်ဆင်းပြီး အပြန်မှာ ရုတ်တရက် မိုးတွေမိခဲ့တယ်၊ မိုးမိတဲ့အတွက် ငါလည်း အပျင်းဖျားတော့ တာပဲ၊ ဆေးဆရာက ငါ့ကိုကျောက်ပေါက်နေတယ်လို့ပြောပြီး မြို့ကဆေးရုံ ကို ခေါ်သွားပေးတယ်၊ ရောဂါသက်သာပြီး ပျောက်ကင်းလာတော့ မင်းအခု မြင်နေရသလို ငါ့မျက်နှာတစ်ခုလုံးဟာ ရစရာမရှိအောင် ကျောက်ပေါက် မာတွေနဲ့ အပြည့်ရှိခဲ့ပြီး ညာဘက်မျက်လုံးလည်း ကန်းခဲ့ရတယ်။ ဒီလို ရုပ်မျိုးနဲ့ဘယ်မိန်းမကမှ ငါ့ကို ဂရုစိုက်တော့မယ် မဟုတ်ဘူးဆိုတာ ငါယုံ ကြည်ခဲ့တယ်။ ရွာပြန်ရောက်တော့ အင်နီစီယားကို ကြီးရင် လက်ထပ်ကြ မယ်လို့ ခါတိုင်းပြောဆိုတဲ့ စကားတွေကို ငါလည်းဆက် မပြောတော့ပါဘူး'

'အင်နီစီယား စိတ်ချမ်းသာအောင်သာ ငါကြိုးစားခဲ့ပြီး အရာရာကို လုပ်ဆောင်ပေးခဲ့တယ်။ သူစိတ်ချမ်းသာရင်တော်ပြီလို့လည်း ငါ့ကိုယ် ငါဆုံးဖြတ်ချက်ထားခဲ့တယ်။ ငွေကလေးနည်းနည်းကို ခြစ်ခြုတ်စုပြီး ငါသူ့ကို ခရစ္စမတ်လက်ဆောင်အဖြစ်နဲ့ ဆိတ်ကလေးတစ်ကောင် သူ့ကို ငါဝယ်ပေးတယ်။ အဲဒီဆိတ်ကလေးကို မြင်မြင်ခြင်းသူက သိပ်ကိုချစ်နေ တာကိုး။ ဆိတ်ကလေးကလည်း အင်မတန်ကို ချစ်စရာကောင်းပါတယ်။ တို့နှစ် ယောက်က ဆိတ်ကလေးကို 'ဝါဘီယာ' လို့နာမည်ပေးလိုက်တယ်။ ဆိတ်ကလေးကို ငါပဲလိုလေးသရွေ့မရှိအောင် အစစအရာရာ ဂရုစိုက်ပြီး ကျွေးမွေးစောင့်ရှောက်ခဲ့တယ်'

'အင်နီစီယားကိုတော့ မပင်ပန်းရအောင် ဘာမှမလုပ်ခိုင်းပါဘူး။ သူ ဆိတ်ကလေးနဲ့ ကစားချင်ရင်သာ သူနဲ့ပေးဆော့ခဲ့တယ်။'

အီလီယားသည် စကားပြောရပ်လိုက်သည်။ သူ၏အလင်းရနေသော တစ်ခုတည်းသော မျက်လုံးအိမ်ပတ်ပတ်လည်၌ မျက်ရည်စတို့သည် ပြည့်

mgyoe.com

mgyoe.com


နှက်နေပေသည်။ သူသည် ကျွန်ုပ်ကို မေးမြန်းနေပြန်သည်။

'ငါပြောတာတွေ မင်းအတွက် ငြီးငွေ့စရာများ ဖြစ်နေသလား ခိုင်ယံရယ်'

'မဖြစ်ပါဘူး ... မဖြစ်ပါဘူး။ ဆက်သာပြောပါ ...'ဟု ကျွန်ုပ်ကပြန်ဖြေလိုက်သည်။

ကျွန်ုပ်သည် သူဆက်ပြောမည့်အကြောင်းများကို စိတ်ဝင်စားစွာဖြင့် စောင့်နားထောင်နေရပြန်လေသည်။

'ဒါနဲ့ အချိန်တွေလည်း ကုန်လာခဲ့တယ်။ အင်နီစီယားလည်း အရွယ်ရောက်လာခဲ့ပြီ၊ ရွာက ကာလသားတွေကလည်း သူ့ကို ဝိုင်းဝိုင်းလည်အောင်ပိုးနေကြတာပေါ့၊ မိန်းမချင်းကျပြန်တော့လည်း အင်နီစီယားမကြာခင်လင်ရမယ့် မိန်းမပဲဆိုပြီး အတင်းအဖျင်းတွေပြောလား ပြောရဲ့ပေါ့ကွာ၊ တကယ်တော့ အင်နီစီယားဟာ ရွာရဲ့ကွမ်းတောင်ကိုင်ပါပဲလေ။ ရွာမှာအချမ်းသာဆုံးလို့ ပြောနေကြတဲ့ ထမင်းဆိုင်ပိုင်ရှင် ဖော်မာဟာဆိုရင်အင်နီစီယားနဲ့ တစ်တွဲတွဲပါပဲ။

'ကောက်သိမ်းချိန်ကပွဲတွေမှာဆိုရင် သူတို့နှစ်ယောက်ဟာ အမြဲတွဲပြီး ကကြခုန်ကြနဲ့ လုပ်နေကြတာကို ကြာတော့ငါ့အနေနဲ့ လုံးလုံးသဘောမကျဘူးကွာ၊ ဖော်မာဟာရွာက မိန်းကလေးတွေနဲ့ ခပ်ရှုပ်ရှုပ်ရယ်'

'ဒါနဲ့ ငါလည်း အင်နီစီယားကို သတိပေးခဲ့ပါတယ်။ ဒါပေမဲ့ အင်နီစီယာဟာ ခေါင်းမာလွန်းအားကြီးပြီး ငါပြောတာတွေကိုတောင်နားမဝင်တဲ့အပြင်ငါ့ကိုအပြစ်ပြော၊ စိတ်ဆိုးတော့တာပါပဲ၊ ဖော်မာ မကောင်းကြောင်းပြောရင် သူကငါ့ကိုဘယ်တော့မှ စကားမပြောတော့ဘူးလို့လည်း ပြောဆိုလာတယ်'

'အင်နီစီယားဟာ အရင်ကနဲ့ မတူတော့ဘဲ အပြောင်းကြီးပြောင်းလဲနေတာကို ငါတွေ့ရတယ်၊ အရင်လိုဝါဆီယာနဲ့ ရင်းရင်းနှီးနှီးကစားနေတာလည်းမတွေ့ရတော့ဘူး။ ဝါဆီယာဟာလည်း အိုမင်းလာပြီး အင်နီစီယားဟာ သူ့ကိုအရင်လို ဖက်လဲတကင်းနဲ့ အရေးတယူ မပြုလုပ်လို့ စိတ်ထိခိုက်နေပုံပါပဲ။ ငါလည်းသနားတာနဲ့ ဝါဆီယာကို ငါ့လက်မောင်းပေါ်တင်ပြီးနှစ်သိမ့်ရတယ်။

mgyoe.com

mgyoe.com


သူ့ကို ငါနှစ်သိမ့်ရင်း ငါငိုပစ်လိုက်တယ်၊သူလည်း ငိုတာပါပဲ၊ တို့နှစ်ဦးစလုံး ငိုကြတာပါပဲကွာ၊ တကယ်တော့ ဒီကမ္ဘာမှာ ငါ့အတွက် အဖော်ကောင်းဆိုလို့ ဝါဆီယာတစ်ဦးတည်းရှိတယ်လို့ ငါထင်တယ်။

'ကမ္ဘာပေါ်မှာ အထီးကျန်ဘဝနဲ့နေရတာ အင်မတန်မှ ချောက်ချားဖို့ကောင်းတယ် ခိုင်ယယ်ရယ်၊ ငါလည်း ဒီလိုပဲခံနေရတယ်။ တစ်နေ့တော့ အင်နီစီယားဟာ ဒီဝါကျွတ်ရင် ဖော်မာနဲ့ လက်ထပ်ကြတော့မယ်လို့ ငါ့ဆီလာပြောတယ်။ အင်း ... တကယ်လို့သာ အဲဒီတုန်းက ဝါဆီယာသာမရှိဘူးဆိုရင် ငါမြစ်ထဲခုန်ချမိလိမ့်မယ်ထင်တယ်'

'ဒီလိုနဲ့ နွေရာသီဟာ ကုန်ဆုံးသွားခဲ့တယ်။ သီးနှံရိပ်သိမ်းစအချိန်ကိုရောက်လာတယ်။ အင်နီစီယာဟာ ဖော်မာနဲ့ပဲ လက်ထပ်လိုက်တယ်၊ အဲဒီနေ့က အင်နီစီယားဟာ အစွမ်းကုန်ဝတ်စားလာတယ်၊ ပြီး ငါ့ဆီကိုရောက်လာတယ်။

ပုတီးကုံးအနီလေးလည်မှာဆွဲလို့၊ လက်ကိုင်ပုဝါအနီလေးကိုလည်း သူရဲ့ လည်တိုင်ကျော့လေးမှာ စီးလို့ပေါ့လေ။ ဖော်ကာကလော့ မင်္ဂလာပွဲအတွက်မှာ စီးဖို့ဆိုပြီးဝယ်ထားတဲ့ ဖိနပ်အသစ်နဲ့ ပန်းရောင်အင်္ကျီအသစ်စက်စက်နဲ့ပေါ့။ သူ့တို့စုံတွဲဟာ အင်မတန်မှ ရှေ့သွားနောက်လိုက် ညီကြပါပေရဲ့လို့ အားလုံးကလည်း ဝိုင်းပြီးချီးမွမ်းကြပါတယ်လေ'

'သူ့ယောကျ်ားနောက် လိုက်မသွားခင်ကလေးမှာ ငါ့ဆီကို အင်နီစီယားပေါက်လာပြန်တယ်၊ ဝါဆီယာကို ထားခဲ့မယ်၊ ကြည့်ပြီးစောင့်ရှောက်ထားပါလို့ မှာသွားတယ်။

ငါ့အနေနဲ့ ဝါဆီယာကိုချစ်မှန်း သူသိတယ်၊ ဒီပုံဒီနည်းနဲ့ ငါ့ကိုသူနှစ်သိမ့်ခဲ့တယ်လို့ ငါတော့ယုံကြည်တယ်၊ ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ်လေ ...။'

'အင်း ... မဟုတ်ပါဘူးလို့လည်း ဘယ်သူကမှ တပ်အပ်ပြောနိုင်ဦးမှာလဲကွာ ...။'

နောက်တော့သူနဲ့ အဆက်ပြတ်ပြီး မတွေ့ကြသလောက်ဘဲ၊ ငါ့မှာတော့ ဝါဆီယာနဲ့သာ အလွမ်းဖြေနေရတာပေါ့လေ'

'အင်း ... ငါ့လိုကျောက်ပေါက်မာ အပြည့်ရှိတဲ့ မျက်နှာနဲ့ မျက်လုံး

mgyoe.com